

မင်းမြတ်သူရ
သေမင်းဖြူ
L လင်း

# အခန်း (၁)

ကျွန်ုပ်၏ မိခင်သည် ပင်လယ်ဆိပ်ကမ်း မြို့လေးတစ်မြို့၌ ထမင်းဆိုင်ဖွင့်၍ အသက်မွေးဝမ်း ကျောင်း ပြုနေလေ၏။

ကျွန်ုပ်သည် မိခင်နှင့်အတူ ထမင်းဆိုင်လေးကို ကူညီရောင်းချပေးလေ၏။

မိခင်သည် ထမင်းဆိုင်လေးကို ထူးထူးဆန်းဆန်းစိတ်ကူးဖြင့် ပင်လယ်စားပြဟု အမည်ပေးခဲ့ လေ၏။

ကျွန်ုပ်သည် ပင်လယ်စားပြထမင်းဆိုင်လေးမှ ရရှိသောဝင်ငွေနှင့်ပင် ကျောင်းတက်ရလေ၏။

ကျွန်ုပ်၏ ကျောင်းသည် ဆိပ်ကမ်းမြို့လေး၌ ယိုးဒယားကျောင်းဟု အမည်တွင်သော ဘုန်းတော် ကြီးကျောင်းပင်ဖြစ်၏။

ကျွန်ုပ်တို့ကျောင်း၌ တစ်မြို့လုံးရှိ လူငယ်တိုင်းလိုလို စာပေသင်ကြားကြ၏။

ယိုးဒယားကျောင်းရှိ ဆရာတော်ကြီးသည် အလွန်စည်းကမ်းကောင်းပြီး ကျန်သော ဘုန်းတော် ကြီးများမှာလည်း စာပေအသင်အပြ အလွန်ကောင်းလေ၏။

ကျွန်ုပ်သည် ကျောင်းအားရက်တိုင်း မိခင်၏ ပင်လယ်စားပြ ကျွန်ုပ်ထမင်းဆိုင်လေးကို ကူညီရောင်းချပေး၏။

ကျွန်ုပ်တို့ထမင်းဆိုင်လေးသည် တောင်ကုန်းထက်၌ ရှိသဖြင့် ပင်လယ်ပြင်ကို လှမ်းမျှော်ကြည့်ရှု နိုင်၏။

ထို့ကြောင့် ပင်လယ်ပြင်သို့ ဝင်လာသမျှ သင်္ဘောအားလုံးကို ကျွန်ုပ်တို့အရင်ဆုံး တွေ့မြင်ရ၏ ။

ကျွန်ုပ်တို့ ထမင်းဆိုင်လေးသို့ ပင်လယ်ပြင် ငါးဖမ်းသင်္ဘောများမှ တံငါသည်များ၊ သင်္ဘောသား များ လာရောက်စားသောက်ကြ၏ ။

ရံဖန်ရံခါ ပင်လယ်ဓားပြများပင် ဆိုင်သို့ဝင်ထွက်သွားလာကြ၏ ။

ကျွန်ုပ်တို့ ဆိုင်၏ အပေါ်ထပ်၌ လာရောက်စားသောက်သူများ တည်းခိုနိုင်ရန် အခန်းငယ်လေး များ ထားရှိသဖြင့် လူအများကတည်းခို အိမ်ဟုလည်း ခေါ်ကြ၏ ။

ဆိုင်သို့ လာရောက်စားသောက်သူများသည် ညဥ့်နက်သည်အထိ ဖဲရိုက်ခြင်း၊ အရက်သောက် ခြင်း တို့ကိုပြုလုပ်ကာ ဆိပ်ကမ်းသို့မပြန်တော့ဘဲ ဆိုင်အပေါ်ထပ်သို့ တက်၍ အိပ်စက်ကြ၏ ။

ကျွန်ုပ်မိခင်သည် ဟင်းချက်လက်ရာ အလွန်ကောင်းပြီး လူမှုဆက်ဆံရေး ကောင်းမွန်သူဖြစ်သ ဖြင့် ညစဉ် လာရောက်တည်းခိုသူများနှင့် စည်ကားနေလေ့ရှိ၏ ။

သင်္ဘောသားများသည် မိခင်ကို ချစ်ကြောက်ရိုသေကြပြီး သူတို့ အားလုံးက "မမကြည်" ဟု တညီတညွတ်တည်း ခေါ်ဆိုကြ၏ ။

ကျွန်ုပ်တို့ဆိုင်၌ မိခင်အား ကူညီချက်ပြုတ်ရန်နှင့် စားပွဲထိုးအဖြစ်လုပ်ကိုင်ရန် ဖိုးတုတ်ဆိုသော အညာသားတစ်ဦးကို ခေါ်ထား၏ ။

အညာသားဖိုးတုတ်သည် လွန်စွာအူကြောင်ကြောင်နိုင်သော်လည်း လွန်စွာ ဖင်ပေါ့သူဖြစ်၏ ။

ကျွန်ုပ်တို့ဆိုင်၌ လူကျသောအချိန်များ၌ ကျွန်ုပ်နှင့်မိခင်သည် အညာသားဖိုးတုတ်ကို ကူညီ၍ စားပွဲထိုးပေးရလေ၏ ။

သဘော်သားများသည် မိခင်ကိုယ်တိုင် စားပွဲထိုးပေးသော်လည်း ထိကပါး ရိကပါး မလုပ်ဝံ့ချေ။

အဘယ်ကြောင့်ဆိုသော် မိခင်နှင့် ရင်းနှီးခင်မင်သူများသည် ပင်လယ်ဓားပြများ ဖြစ်သောကြောင့်ပင်။

တစ်နေ့သောညနေခင်း၌ ကျွန်ုပ်တို့ ထမင်းဆိုင်သို့ လွန်စွာဟောင်းနွမ်းသော ကုတ်အကျႌကြီးကို ဖိုးရိုးဖားလျား ဝတ်ဆင်ထားသော မျက်စိတစ်ဖက်လပ် အဘိုးကြီးတစ်ဦး ရောက်ရှိလာပြီး ဆိုင်၏ ဆိုင်းဘုတ်ကို မော့ကြည့်ကာ

"ဆိုင်နာမည်က ပင်လယ်ဓားပြတဲ့၊ အတိတ်နိမိတ် မကောင်းလိုက်တာ၊ ပင်လယ်ဓားပြ မကောင်းဘူး၊ သိပ်ဆိုးတယ်၊ သိပ်ရက်စက်တယ်၊ ဒီနာမည်မျိုး မမှည့်သင့်ဘူး"

ဟု ရေရွတ်လေ၏ ။ ပြီးနောက် မျက်စိတစ်ဖက်လပ် အဘိုးကြီးသည် ကျော်ပေါ်၌ သိုင်းလွယ် ထားသော သားရေအိတ်ကြီးကို မြေပေါ်သို့ ဗုန်းခနဲချ၍ တောင်ကုန်းထက်မှ ပင်လယ်ပြင်သို့ လှမ်းမျှော် ကြည့်ကာ

"ဘာပဲဖြစ်ဖြစ်၊ ဒီနေရာကနေ လှမ်းမျှော်ကြည့်ရင် ပင်လယ်ပြင်ကိုစီးမြင်ရတယ်၊ ဆိပ်ကမ်းတစ် ခုလုံးမှာ ဘယ်သင်္ဘောဝင်လဲ ငါအကုန်သိတယ်၊ ဒီလိုဆိုတော့လဲ ပင်လယ်ဓားပြက မဆိုပါလား မချစ်သော်လည်း အောင့်ကာနမ်းရတော့မှာပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်ကာ သားရေအိတ်ကြီးကို တရွတ်တိုက်ဆွဲ၍ ဆိုင်ထဲသို့ ဝင်လာလေ၏ ။

ဆိုင်ထဲသို့ ရောက်သောအခါ ကျွန်ုပ်၏ မိခင် ခရီးဦးကြိုဆို၍

"ထိုင်ပါရှင်၊ အေးအေးဆေးဆေး နားခိုလို့ရမဲ့ အိပ်ခန်းတွေလည်းရှိပါတယ်၊ အပေါ်ထပ်မှာပါ"

ဟုဆိုလိုပ်ရာ မျက်စိတစ်ဖက်လပ် အဘိုးအိုက မျက်လုံးများစင်း၍ မိခင်ကို ကြည့်ကာ

"ကျုပ် ဒီမှာအိပ်မယ်၊ စားမယ်၊ အရက်လဲသောက်မယ်၊ တစ်ရက်တည်းမဟုတ်ဘူးနော်၊ တစ်လ လောက်နေမှာ"

ဟုပြောလေ၏။ မိခင်က ဝမ်းသာလှိုက်လှဲသောအမူအရာဖြင့်

"ကြိုဆိုပါတယ်ရှင်၊ တစ်လလုံးနေမယ်ဆိုရင်တော့ ပင်လယ်ကို မြင်ရတဲ့ အကောင်းဆုံးအခန်း မှာ ပြင်ဆင်ပေးပါမယ်"

ဟုပြောလေရာ မျက်စိတစ်ဖက်လပ်အဘိုးအိုက

"ဒီတည်းခိုအိမ်မှာ လူတော်တော်စည်သလား"

ဟုမေးမြန်းလေ၏။

မိခင်က ခေါင်းညိတ်၍

"စည်ပါတယ်ရှင်၊ ကျွန်မတို့ တည်းခိုအိမ်မှာ ဧည့်သည်ပြတ်တယ်လို့ မရှိပါဘူး၊ ဆရာကြီး ညရောက်ရင် မြင်ရမှာပါ၊ သင်္ဘောသားတွေအများကြီး ပျော်လို့ပါးလို့၊ သောက်လို့စားလို့"

ဟုဆိုလိုက်ရာ ပင်လယ်ပျော်အဘိုးကြီးသည် မျက်နှာရှုံ့မဲ့သွားပြီး

"ပျော်လို့ပါးလို့ သောက်လို့စားလို့ ဟုတ်သလား၊ ကျုပ် ဆူဆူညံညံအသံတွေ မကြားချင်ဘူး၊ နားအေးပါးအေးပဲ နေချင်တယ်"

ဟုပြောလေ၏။ မိခင်သည် မသိမသာ သက်ပြင်းချ၍

"ပင်လယ်ကို မြင်ရတဲ့အခန်းက ထောင့်ဘက်ဆုံးကျလို့လူရှင်းပါတယ်၊

တစ်ယောက်တည်း အထီးကျန်နေလို့လဲ ရပါတယ်"

ဟု ကမန်းကတန်းပြောဆိုလေ၏။ မိခင်သည် မျက်စိတစ်ဖက်လပ် အဘိုးအိုကို ကြည့်၍

"ဆရာကြီး နာမည် ဘယ်လိုခေါ်သလဲ"

ဟုမေးမြန်းလေရာ အဘိုးအိုက မိခင်ကို မနှစ်မြို့ဟန်ဖြင့် ကြည့်၍

"နာမည်က ပညတ်တစ်ခုပါ၊ မင်းငါ့ကို မောင်နီလို့မှတ်လိုက်ရင်လဲ ငါဆိုတဲ့ပုဂ္ဂိုလ်က မောင်နီ ဖြစ်မသွားဘူး၊ ငါက ငါပဲ၊ ငါ့ကို မာလိမ်မှူးကြီးလို့ ခေါ်ချင်ခေါ်လို့ရတယ်၊ ပင်လယ်ဆိုတာ ငါ့ရဲ့ ထာဝရ အိမ်ပဲ"

ဟု အမိပ္ပာယ်လေးနက်ဟန်ဖြင့် ပြောဆိုလိုက်ပြီး အနီး၌ ငေးကြည့်နေသော ကျွန်ုပ်ဘက်သို့ လှည့်ကာ

"ဟောဒီက ငါ့ရဲ့သားရေအိတ်ကို ငါနေရမဲ့အခန်းကို သယ်သွားပေတော့"

ဟု ခိုင်းစေလေ၏။ ကျွန်ုပ်သည် မျက်စိတစ်ဖက်လပ် အဘိုးကြီး၏ သားရေအိတ်ကြီးကို မနိုင့်တနိုင်ထမ်း၍ အိမ်ပေါ်ထပ်အိပ်ခန်းသို့ သယ်ဆောင်သွားလေ၏။

အဘိုးအိမ်၏ သားရေအိတ်ကြီးက လေးလံလှ၏။ အထဲ၌ မည်သည့်အရာများ ရှိသနည်း။ ရွှေဒင်္ဂါးတွေလား၊ ပုလဲတွေလားဟု အူကြောင်ကြောင် တွေးနေမိ၏။

ထိုနေ့တစ်နေ့လုံး မျက်စိတစ်ဖက်လပ် အဘိုးကြီးသည် အောက်ထပ်သို့မဆင်းတော့ဘဲ အစား အစာနှင့် အရက်ကို အိပ်ခန်းထဲသို့ ပို့ဆောင်ပေးရ၏။

အဘိုးအိုသည် လူရှင်းသောအချိန်၌ အိပ်ခန်းထဲမှထွက်ပြီး ဝရန်တာဆီမှ ပင်လယ်ပြင်သို့ ငေးကြည့်နေတတ်၏။

အဘိုးအိုသည် တစ်ခါတစ်ရံ တစ်လုံးထိုးမှန်ဘီလူးဖြင့် ပင်လယ်ပြင်သို့ လှမ်းမျှော်ကြည့်နေ၏ ။

သူသည် ပင်လယ်ပြင်မှ လာမည့်အန္တရာယ်တစ်ခုကိုကြောက်ရွံ့ နေပုံရ၏ ။

ရက်အနည်းငယ်ကြာသောအခါ အဘိုးအိုသည် ဝရန်တာသို့ထွက်ပြီး ထင်းခြမ်းများ ခွဲခြမ်းနေ သော ကျွန်ုပ်ကို လက်ယပ်ခေါ်၏ ကျွန်ုပ် အပေါ်ထပ်သို့ရောက်သောအခါ မျက်စိတစ်ဖက်လပ် အဘိုးအိုက

"မင်းကို အရေးကြီးတာတစ်ခု မှာချင်တယ်၊ ဒီဆိုင်ကို လူစိမ်းသင်္ဘောသားတွေ ရောက်လာရင် ငါ့ကို အမြန်ဆုံးအသိပေးစမ်းပါ၊ ဒီလိုစောင့်ကြည့်ပေးတဲ့အတွက် မင်းကို နေ့စဉ် ပိုက်ဆံတစ်မူးပေးမယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် မာလိန်မှူးကြီး၏ ရက်ရောလှသောစေတနာအတွက် အလွန်သ ဘောကျသွားပြီး

"မာလိန်မှူးကြီး တကယ်ပြောတာလား၊ နေ့စဉ် ပိုက်ဆံတစ်မူး တကယ်ပေးမှာလား"

ဟုမေးမြန်းလေ၏ ။ ထိုအခါ မာလိန်မှူးအဘိုးကြီးက ကျွန်ုပ်ကို မကျေနပ်ဟန်ဖြင့် ကြည့်၍

"မင်းဟာ လူငယ်သလောက် ပိုက်ဆံအတော်မက်တဲ့ကောင်ပဲ၊ ဒီဆိုင်ကို လူစိမ်းသင်္ဘောသား တွေ ရောက်လာရင် ငါ့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးတယ်၊ မင်းပေါ့ပေါ့တန်တန် လုပ်လို့ မရဘူး၊ မသင်္ကာစရာ လူစိမ်းတွေတွေ့ရင် ငါ့ကို အမြန်ဆုံး အကြောင်းကြားပါ"

ဟုပြောလေ၏ ။ ကျွန်ုပ်သည် မာလိန်မှူးကြီးကိုကြည့်၍

"မာလိန်မှူးကြီးက ဘာဖြစ်လို့ လူစိမ်းသင်္ဘောသားတွေကို

ကြောက်နေရတာ လဲ"

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ မာလိန်မှူးကြီးက ကျွန်ုပ်ကို ဒေါသတကြီးကြည့်၍

"ဒါ ငါ့ကိစ္စပါ၊ မင်းနဲ့ မဆိုင်တဲ့ကိစ္စကို မမေးစမ်းပါနဲ့၊ ဒီကိစ္စကို နှုတ်လုံပါစေနော်၊ လူတကာ လျှောက်ပြောလို့ကတော့ ငါ့အကြောင်းအသိပဲ"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် မာလိန်မှူးအဘိုးကြီး အနီးမှအမြန်ဆုံး ပြန်ထွက်ခဲ့လေ၏။

မာလိန်မှူးကြီး၏ အမူအရာသည် တစ်စုံတစ်ရာကို ကြောက်ရွံ့နေဟန်ရှိပြီး ပင်လယ်ပြင်မှ မမြင်ရသော အန္တရာယ်တစ်ရပ်ကို ကြုံတွေ့လိမ့်မည်ဟု ယူဆထားပုံရ၏။

တစ်ခါက အညာသား ဖိုးတုတ်သည် မာလိန်မှူးကြီး၏ အိပ်ခန်းသို့ ထမင်းသွားပို့ရာမှ ဆူပူကြိမ်း မောင်းသံများကို ကြားရပြီး ဖိုးတုတ် မျက်စိပျက် မျက်နှာပျက်ဖြင့် ပြန်ဆင်းလာပြီး

"အဘိုးကြီးက စိတ်မမှန်တော့ဘူးကွ၊ မင်းတို့ဆိုင်က ထမင်းဟင်းတွေ သိပ်ညံ့တယ်၊ အရက်လဲ မကောင်းဘူး၊ ညဆိုရင်လဲ အောက် တန်းစားတွေ လာအိပ်လို့ သိပ်နားငြီးတယ်လို့ပြောတယ်၊ နေ့လယ်စာကို ဝက်သားဟင်း စားချင်တယ်ဆိုလို့ သွားပို့ပေးတယ်၊ ဝက်သားရောက်တော့ ကြက်သား လို့ပြောတယ်၊ ကြက်သားပို့ပြန်တော့ မစားချင်တော့ဘူး၊ အမဲသားစားချင်တယ်ပြောတယ်၊ ငါတို့ဆီမှာ အမဲသားမှ မရတာ ပဲ၊ နောက်ဆိုရင် ဒီအဘိုးကြီးဆီကို ငါမသွားရဲတော့ဘူး"

ဟုပြောဆိုလေ၏။ မာလိန်မှူးအဘိုးကြီးသည် နေ့စဉ်ရက်ဆက် စားသောက်စရိတ်များကို မပေးဘဲ အကြွေးမှတ်ထားရန်

ပြောပြီးစားသောက်နေလေ၏။ ကျွန်ုပ်၏ မိခင်သည် မာလိန်မှူးအဘိုးကြီး ကို သနားသည်ဆိုကာ အကြွေးများကို မတောင်းသေးဘဲ သူ စားသောက်သမျှကို ကျွေးမွေးနေလေ၏။

မာလိန်မှူးအဘိုးကြီးသည် ကျွန်ုပ်တို့ဆိုင်၌ မည်သူနှင့်မျှ အပေါင်းအသင်းမလုပ်ဘဲ တစ်ကိုယ် တည်း အထီးကျန်စွာ နေထိုင်လေ၏။ အဘိုးကြီး၌ သားရေအိတ်ကြီးတစ်လုံးကို ပိုင်ဆိုင်၏။ သူသည် သားရေအိတ်ကြီးကို လွန်စွာတန်ဖိုး ထားဟန်ရှိပြီး အခန်းထဲရှိ ဗီရိုထဲသို့ထည့်ကာ ကြေးသော့ကြီးတစ် ချောင်းနှင့် ခတ်ထားလေ၏။

ထိုသော့ကြီးကို မာလိန်မှူးကြီး စိတ်တိုင်းကျ ဈေးမှဝယ်ယူ ထားခြင်းဖြစ်၏။ မာလိန်မှူးအဖိုးကြီး သည် ကျွန်ုပ်တို့ဆိုင်၏ ဝရန်တာမှ တစ်လုံးထိုးမှန်ပြောင်းလေးနှင့် ပင်လယ်ပြင်ကို စောင့်ကြည့်နေတတ် ၏။ နောက်ပိုင်း၌ ဆိုင်မှ လမ်းလျှောက်သွားပြီး တောင်ကုန်းလေးပေါ်သို့ တက်ကာ ပင်လယ်ပြင်သို့ ကြည့်ရှုလေ့ရှိ၏။

မာလိန်မှူးအဖိုးကြီးသည် ကျွန်ုပ်ကို နေ့စဉ် တီးတိုးမေးမြန်းသည့်အခါတိုင်း

"လူစိမ်းတွေ သတိထားမိလား"

ဟု မေးမြန်းတတ်၏။ ကျွန်ုပ်က ခေါင်းခါပြသောအခါမှ စိတ်သက်သာဟန်ဖြင့် အပေါ်ထပ်အိပ် ခန်းသို့တက်ပြီး အရက်သောက်နေလေ၏။

မာလိန်မှူးအဖိုးကြီးသည် အရက်သောက်ရင်း သီချင်းတစ်ပုဒ်ကို တီးတိုးသီဆိုတတ်၏။ ထိုသီချင်းမှာ

"မမြင်ရတဲ့မျက်လုံးတွေ . . . . မကြားရတဲ့နားတွေ . . . . ပြန်လမ်းမရှိတဲ့ နေရာပေ . . . . အဖိုးထိုက်တန်လွန်းတဲ့ ရတနာတွေ . . . . ငါ့အတွက်ပေ့ါလေ "

တစ်ညသ၌ ကျွန်ုပ်တို့သားအမိနှင့် အညာသားဖိုးတုတ်သည် ဆိုင်၌ လူကျနေသဖြင့် မနားရအောင် ပြေးလွှားနေရလေ၏။ သင်္ဘောသားတစ်စုသည် ပင်လယ်ပြင် စွန့်စားခန်းတစ်ခု အကြောင်းကို တစ်လှည့်စီ ပြောပြကြ၏။ တံငါသည် လူထွားကြီး နှစ်ယောက်ကလည်း လောင်းကြေး စားကြေး လက်မောင်းအားလှဲနေကြ၏။

လွန်စွာပိန်လှီသော သင်္ဘောသားနှစ်ယောက်သည် အခန်းထောင့်ရှိ စားပွဲခုံပုလေးပေါ်တွင် တိုက်ငါးနှစ်ကောင်ကို ပုလင်းထဲထည့်၍ သူ့ငါးနိုင်မည် ငါ့ငါးနိုင်မည်ဟု လောင်းကြေးထပ်နေကြသည်။

ကျွန်ုပ်၏ မိခင်သည် အခေါက်ကင်ပြားကြီးကို စားပွဲပေါ်တင်၍ တဂွမ်းဂွမ်းခုတ်နေလေ၏။ အညာသား ဖိုးတုတ်မှာလည်း ခေါက်ဆွဲကြော်များကို တစ်ပွဲပြီးတစ်ပွဲ လက်မလည်နိုင်အောင် ကြော်နေရ၏။

ကျွန်ုပ်ကိုယ်တိုင်လည်း ထမင်းပွဲ၊ ဟင်းပွဲများကို ပြင်ဆင်ရင်း ပြေးလွှားနေရ၏။

ထိုအခိုက်မှာပင် ညအချိန်အောက်သို့ ဆင်းလေ့မရှိသော မာလိန်မှူးကြီးသည် လှေခါးအတိုင်း အောက်သို့ ဆင်းလာရာ လှေကားဝတွင် ပိတ်ထိုင်နေသော တံငါသည်တစ်စုနှင့် ထိပ်တိုက်တိုးလေ၏။

တံငါသည်များသည် လှေခါးခန်း၌ ရှိသော ဓာတ်စက်မှ မင်းသားကြီးတိုးစိန်၏ ဓာတ်ထုတ်တစ်ခု ကို စိတ်ဝင်တစား နားထောက်နေလေ၏။

မာလိန်မှူးကြီးသည် လှေကားဝ၌ ပိတ်၍ ဓာတ်ထုပ် နားထောင်နေသော တံငါသည်များကို မနှစ်မြို့ဟန်ဖြင့်ကြည့်၍

"ဟေ့ကောင်တွေ ဖယ်စမ်း"

ဟု ပြောလိုက်၏။ သို့သော် တံငါသည်များသည် ဇာတ်ထုပ်ကို စိတ်ဝင်စားနေသဖြင့် အဘိုးကြီး၏ စကားကို ကြားဟန်မရှိချေ။ မာလိန်မှူးကြီးက ဒေါသတကြီး ထပ်မံ၍ အောက်လိုက်၏။ တံငါသည်များသည် ဇာတ်ထုပ်ကိုသာ စိတ်ဝင်စားနေ၏။

မာလိန်မှူးကြီးသည် နောက်ဆုံး၌ စိတ်မထိန်းနိုင်တော့ဘဲ တံငါသည်တစ်ဦး၏ ပခုံးကို ခြေဖြင့် တအားစောင့်ကန်လိုက်ရာ တံငါသည် သည် လှေခါးမှ လိမ့်ကျသွားလေ၏။

တံငါသည်များသည် မာလိန်မှူးကြီးကို မကျေမချမ်းဖြစ်သွားလေ၏။ အဘိုးကြီး၏ အကန်ခံ လိုက်ရသော တံငါသည်သည် လူးလဲ ထ၍

"မျက်ကန်းကြီး ခင်ဗျားရိုင်းလှချည်လား"

ဟု အော်ဟစ်ကာ မာလိန်မှူးကြီးကို တိုက်ခိုက်ရန် ရှေ့တိုးလာ၏။

ထိုအခါ မာလိန်မှူးကြီးသည် လွယ်အိတ်ထဲမှာ ပင်လယ်ဓားပြများကိုင်လေ့ရှိသော ဆင်စွယ်ရိုး တပ်သေနတ်ကို ဆတ်ခနဲဆွဲထုတ်၍ တံငါသည်၏ ရင်ဝကို သေနတ်ပြောင်းဖြင့် ထောက်လိုက်ပြီး

"မင်းပါးစပ်က မျက်ကန်းကြီးလို့ နောက်တစ်ခွန်းထွက်ရဲရင် ထွက်ကြည့်စမ်း ငရဲပြည်ပို့လိုက် မယ်"

ဟု ကြုံးဝါးလိုက်ရာ တံငါသည်များသည် အထိတ်တလန့်ဖြစ်ပြီး အဘိုးကြီးကို လမ်းဖယ်ပေး လိုက်ကြလေ၏။

ဆိုင်ထဲမှ လူများအားလုံးသည် မာလိန်မှူးကြီး၏ ရိုင်းပြမှုကို ဂရုစိုက်မိသွားလေ၏။ ကျွန်ုပ်၏ မိခင်သည် အခေါက်ကင်ကြီးကို တဒိုင်းဒိုင်းခုတ်နေရာမှ သက်ပြင်းချလိုက်ပြီး

"မာလိန်မှူးကြီးတော့ ကြမ္မာငင်တော့မယ်"

ဟု တီးတိုးရေရွတ်လိုက်ရာ ကျွန်ုပ်က ငဲ့စောင်းကြည့်၍

"အမေ ဘာပြောတာလဲ"

ဟု မေးမြန်းလိုက်ရာ မိခင်က ခေါင်းခါယမ်း၍

"တစ်ချိန်ရောက်ရင် သားသိမှာပါ၊ ဘာပဲဖြစ်ဖြစ် အမေ့အတွက် ကတော့ ငါ့သားအန္တရာယ်ကင်း ဖို့ အရေးကြီးဆုံးပဲ"

ဟု ပြောလိုက်လေတော့၏။

နောက်တစ်နေ့သို့ ရောက်လျှင် မာလိန်မှူးကြီးသည် ကျွန်ုပ်ကို ခေါ်၍

"ညက ငါ့အိတ်ထဲက သေနတ်ထုတ်တာ မင်းမြင်လိုက်တယ် မဟုတ်လား"

ဟု မေးမြန်းလေရာ ကျွန်ုပ်က

"ဒီအရပ်မှာ သေနတ်ကိုင်တာ မထူးဆန်းပါဘူး၊ လူတော်တော်များများ သေနတ်ကိုင်တာ ကျုပ်မြင်ဖူးပါတယ်"

ဟု တီးတိုးပြောလိုက်လေ၏။ မာလိန်မှူး အဘိုးကြီးက

"မင်းကို အရေးကြီးတာ ပြောချင်လို့ကွ၊ ငါမင်းကို စောင့်ကြည့်ခိုင်းတဲ့ သင်္ဘောသား လူစိမ်းဆိုတာ တစ်ခေါင်းလုံး ဆံပင်တွေ နီနေတဲ့ လူတစ်ယောက်ကို ပြောတာပါ၊ ဆံပင်နီနဲ့ သင်္ဘောသားကိုမြင်ရင် ငါ့ကို အမြန်ဆုံးသတင်းပေးပါ"

ဟု ပြောလေ၏။ မာလိန်မှူးအဘိုးကြီးသည် ဆံပင်နီနှင့် သင်္ဘောသားကို အထူးကြောက်ရွံ့ပုံရ၏။

တစ်နေ့တွင် မာလိန်မှူးကြီးသည် နံနက်စာကိုပင် မစားသေးဘဲ တစ်လုံးထိုးမှန်ပြောင်းကို ချိုင်းကြားညှပ်၍ တောင်ကုန်းဆီသို့ ရောက်သွားလေ၏။

အဘိုးကြီးသည် တောင်ကုန်းထက်၌ ထိုင်၍ တစ်လုံးထိုး မှန်ပြောင်းဖြင့် ပင်လယ်ပြင်ကို ကြည့်နေလေ၏။ ကျွန်ုပ်သည် မာလိန်မှူးကြီး အခန်းဝရှိ ဝါးစားပွဲလေးပေါ်သို့ ထမင်းကြော်နှင့် ဆတ်သားခြောက်ဖုတ်ပန်းကန်ကို တင်ထားလိုက်၏။

ကျွန်ုပ်တို့ဆိုင်၌ မိခင်နှင့် အညာသား ဖိုးတုတ်မရှိဘဲ ကျွန်ုပ်တစ်ဦးတည်းရှိနေ၏။ ထိုအခိုက်မှာ ပင် ဆိုင်အတွင်းသို့ ရုပ်ရည်ကြမ်းတမ်းသော မျက်နှာစိမ်း သင်္ဘောသားတစ်ယောက် ဝင်ရောက်လာပြီး

"ဟေ့ကောင်လေး အရက်တစ်လုံးပေးစမ်းပါ၊ အမြည်းလဲလုပ်ပေး"

ဟု ပြောလေ၏။ ကျွန်ုပ်သည် မာလိန်မှူးကြီး မှာထားသဖြင့် မျက်နှာစိမ်းသင်္ဘောသားကို စောင့်ကြည့်နေမိ၏။ သင်္ဘောသား၏ ဆံပင်အရောက်မှာ အနက်ရောင်ဖြစ်ပြီး မာလိန်မှူးကြီးပြောသော ဆံပင်အနီရောင် သင်္ဘောသားမဟုတ်ချေ။

ကျွန်ုပ်သည် အရက်တစ်လုံးကိုယူ၍ စားပွဲပေါ်သို့ ချပေးလိုက်သောအခါ မျက်နှာစိမ်းသင်္ဘော သားက အရက်ကို ငွပ်ခနဲမော့ချ၍

"ဒီဆိုင်မှာ ငါ့သူငယ်ချင်း ဘိုးထိန်ကြီးတည်းတယ် မဟုတ်လား"

ဟု မေးမြန်းလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"ခင်ဗျားပြောတဲ့ ဘိုးထိန်ကြီးဆိုတဲ့ လူကို ကျုပ်မသိပါဘူး"

ဟု ပြောလိုက်၏။ ထိုအခါ မျက်နှာစိမ်း သင်္ဘောသားက

"မင်းတော်တော် ဒုံးဝေးတဲ့ကောင်လေးပဲ၊ ငါပြောတာက မျက်စိတ်ဖက်လပ်နေတဲ့ ဘိုးထိန်ကြီးကို ပြောတာကွ"

ဟု ပြောလေ၏။ ကျွန်ုပ်က မသိမသာသက်ပြင်းချ၍

"မျက်စိတစ်ဖက်လပ် အဘိုးကြီးကို ပြောတာလား၊ သူ့ကို ကျုပ်တို့

မာလိန်မှူးကြီးလို့ပဲ သိတယ်"

ဟု ပြောလေရာ မျက်နှာစိမ်း သဘော်သားက ပြက်လုံးတစ်ခုကြားလိုက်ရသကဲ့သို့ တဟားဟား ရယ်မောကာ

"ဟား . . . ဟား . . . ဟား ဘိုးထိန်ကြီးက သူ့ကိုယ်သူ မာလိန်မှူးကြီးလို့ပြောတယ် ဟုတ်လား၊ တစ်ဖက်လပ်ကြီး ရူးသွားပြီနဲ့တူတယ်"

ဟု လှောင်ပြောင်လေတော့၏။

ထို့နောက် မျက်နှာစိမ်းသဘော်သားကြီးက ပြတင်းပေါက်ကို အသာဟ၍ ကြည့်လိုက်ရာ မှန်ဘီလူးကို ကိုင်၍ ပြန်လာသော မာလိန်မှူးကြီးကို မြင်တွေ့သွားပြီး

"ဟိုမှာ ငါ့ရဲ့မိတ်ဆွေ ဘိုးထိန်ကြီးပြန်လာပြီ၊ ဘိုးထိန်ကြီး အံ့သြသွားအောင် လုပ်ရမယ်"

ဟု ဆိုကာ ဗီရိုကြီးနောက်သို့ဝင်၍ ပုန်းလိုက်၏။ မျက်နှာစိမ်းသဘော်သားက ဗီရိုအနောက်မှ ပုန်းကွယ်ရင်း

"ဟော့ကောင်လေး၊ မင်းတစ်နေရာကို ထွက်သွားလိုက်"

ဟုမောင်နှင်ထုတ်လေ၏။ ကျွန်ုပ်သည် ၎င်းတို့နှစ်ဦး၏ အခြေအနေကို သိချင်လှသဖြင့် အိမ်အနောက်သို့ ဝင်ကာ ပုန်းအောင်းပြီး ကြည့်ရှုနေလေ၏။

ထိုအချိန်၌ မာလိန်မှူးအဘိုးကြီးသည် ဆိုင်တံခါးကို တွန်းဖွင့်၍ အပေါ်ထပ်လှေကားဆီသို့ ခြေသံပြင်းပြင်းနှင့် နင်းတက်သွား၏။ လှေခါးတစ်ဝက်သို့ရောက်သောအခါ မျက်နှာစိမ်းသဘော်သားက ဗီရိုအနောက်မှထွက်၍

"ဘိုးထိန်ကြီး"

ဟုခေါ်လိုက်ရာ မာလိန်မှူးကြီးသည် ရုတ်တရက် တုန်လှုပ်ပြီး အနောက်သို့လှည့်ကြည့်လိုက် လေ၏။ ဗီရိုအနောက်မှထွက်လာသော

မျက်နှာစိမ်းသဘော်သားကြီးကို မြင်ရသောအခါ အံကို ကြိတ်၍

"တောကျီးကန်း မင်းဘာလိုချင်လို့လဲ"

ဟုမေးမြန်းလိုက်ရာ တောကျီးကန်းဆိုသော သဘော်သားကြီးက ခါးကြားမှဓားမြှောင်ကိုဆွဲ ထုတ်၍

"ကျုပ်ဘာလိုချင်တယ်ဆိုတာ ခင်ဗျားသိပါတယ်၊ ကျုပ်လက်ထဲကို မြေပုံအပ်ရင် ခင်ဗျားကို အသက်အန္တရာယ်မဖြစ်စေရဘူး"

ဟုခြိမ်းခြောက်လိုက်ရာ မာလိန်မှူးကြီးက ဒေါသတကြီးဖြင့် ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ်ကာ

"မြေပုံကို ငါသေမှပေးမယ်ကွ၊ မင်းနဲ့ငါ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီပေါ့"

ဟု ကြုံးဝါးပြီး သဘော်သားကြီးကို ဓားမြှောင်ဖြင့်ထိုးလိုက်၏။ သဘော်သားကြီးက အနောက် သို့ ခုန်ဆုတ်၍ မာလိန်မှူးကြီးကို ဓားမြှောင်ဖြင့် ပြန်ထိုးလေ၏။ ၎င်းတို့နှစ်ဦးစလုံး ကျွမ်းကျင်သော ဓားမြှောင်သမားများဖြစ်ကြ၏။

၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး အလစ်ချောင်းရင်း ထိုင်ခုံများရှင်းလင်းနေသော ကွက်လပ်သို့ ရောက်သွား၏။ မာလိန်မှူးကြီးသည် သဘော်သားကြီးကို ဓားမြှောင်ဖြင့် တစ်ချက်ပြီးတစ်ချက် ဝေ့ကာဝိုက်ကာ ထိုးလေ၏။

တစ်ချီတွင် ဓားမြှောင်ကို ကျွမ်းကျင်လှသော မာလိန်မှူးကြီး၏ လက်ချက်ကြောင့် သဘော်သား ကြီး၏ ပုခုံး၌ ဒဏ်ရာတစ်ခု ရရှိသွား၏။ သဘော်သားကြီးသည် သွေးများစီးကျနေသော ဒဏ်ရာကို ငုံ့ကြည့်၍

"တစ်ဖက်လပ်ကြီး ခင်ဗျားနေနှင့်ဦး"

ဟု ကြုံးဝါးကာ ပြတင်းပေါက်မှခုန်ချ၍ ထွက်ပြေးသွားလေ၏။

မာလိန်မှူးကြီးက တဟားဟားရယ်၍

"တောကျီးကန်း မင်းသတ္တိနည်းလှချည်လား၊ လာလေကွာ"

ဟု စိန်ခေါ်နေလေ၏။ မာလိန်မှူးကြီးသည် တောကျီးကန်းကြီး ထွက်ပြေးသွားသောအခါမှပင် ဒရီးဒယိုင်ဖြင့် နံရံကို မှီထားလိုက်ပြီး

"ကျော်စွာ . . . ကျော်စွာ . . . မင်းအနားမှာရှိတယ်ဆိုတာငါသိတယ်၊ ငါ့အတွက် အရက်ယူလာပေးပါကွာ"

ဟုပြောလေ၏။ ကျွန်ုပ်သည် နောက်မှထွက်၍ မာလိန်မှူးကြီးအတွက် အရက်တစ်လုံးယူပေး လိုက်၏။

မာလိန်မှူးကြီးသည် အရှယ်နှင့် မမျှအောင် တိုက်ပွဲဆင်လိုက်ရသဖြင့် မောပန်းနေဟန်ရှိပြီး အရက်ကို မော့ချလိုက်လေ၏။ အရက်သောက်ပြီးသောအခါ မာလိန်မှူးကြီးက

"ငါဒီနေရာမှာ နေလို့မရတော့ဘူးကွ၊ ထွက်သွားရတော့မယ်၊ ငါ့ရန်သူတွေသိသွားကြပြီ"

ဟု ပြောရင်း မာလိန်မှူးကြီးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။

ကျွန်ုပ်သည် မာလိန်မှူးကြီးကို ဆွဲထူပြီး မြို့အစွန်ရှိ ကုလားဆရာဝန်ကြီးအား မြင်းလှည်းနှင့် သွားပင့်ရ၏။

ထိုအချိန်၌ ကျွန်ုပ်၏ မိခင်ဈေးမှ ပြန်ရောက်လာပြီး အကျိုးအကြောင်းသိရသောအခါ မိခင်က ကုလားဆရာဝန်ကြီးအား

"သူ့ အခြေအနေ ဘယ်လိုရှိသလဲ ဆရာ"

ဟု မေးမြန်းလေ၏။ ထိုအခါ ကုလားဆရာဝန်ကြီးက အဘိုးကြီးကို သေချာစွာ စစ်ဆေး၍

"သူ့မှာ နှစ်လုံးရောဂါရှိနေပုံရတယ်၊ ခဏကြာလို့ သတိရလာရင် ဟောဒီဆေးကို တိုက်လိုက်ပါ၊ အဘိုးကြီးကို ဆေးရုံမှာ သေသေချာချာ စစ်ဆေးဖို့သင့်တယ်၊ သူ့အခြေအနေက စိုးရိမ်ရတယ်"

ဟု ပြောပြီး အိမ်မှထွက်ခွာသွားလေ၏။ မာလိန်မှူးကြီးသည် ခဏကြာလျှင် သတိရလာပြီး မည်သူ့ကိုမျှ စကားမပြောဘဲ အိမ်ပေါ်ထပ်သို့ ခြေသံပြင်းပြင်းနင်း၍ တက်သွားလေ၏။ အညာသား ဖိုးတုတ်က မာလိန်မှူးကြီးကိုကြည့်၍

"တစ်လောကလုံး သူ့လုပ်စာစားနေရတာ ကျနေတာဘဲ၊ တော်တော် ကျေးဇူးကန်းတဲ့ အဘိုးကြီး"

ဟု ပြောလိုက်လေ၏။ မိခင်က မာလိန်မှူးကြီးနောက်ကျောကို ကြည့်၍

"သူ့မှာ အန္တရာယ်ရှိနေပြီ"

ဟု တီးတိုးရေရွတ်နေလေ၏။

ရက်အနည်းငယ် ကြာသောအခါ ကျွန်ုပ်သည် မြို့လယ်ခေါင်ဈေး၌ ထမင်းဆိုင်အတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူလေ၏။ ထိုသို့ ဝယ်ယူပြီး ကူလီအားခေါ်၍ တောင်းကြီးကို ထမ်းခိုင်း လိုက်၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏ အနီးသို့ ချိုင်းထောက်နှင့် ရုပ်ဆိုးဆိုး လူကြီးတစ်ဦးရောက်လာပြီး

"ဟေ့ကောင်လေး မင်းတို့ ပင်လယ်ဓားပြ တည်းခိုခန်းမှာရောက်နေတဲ့ မာလိန်မှူးအဘိုးကြီးကို ဟောဒီစာလေး ပေးလိုက်ပါ၊ သူ့အတွက် အလွန်အရေးကြီးတယ်"

ဟုဆိုကာ ကျွန်ုပ်အား စာတစ်စောင်ပေး၍ အနီးမှ ချိုင်းထောက်ကြီး တဒေါက်ဒေါက်ထောက်၍ ထွက်ခွာသွားလေ၏။

ကျွန်ုပ်သည် ချိုင်းထောက်ကြီးထံမှ ယူလာခဲ့သောစာကို မာလိန်မှူးကြီးလက်သို့အပ်လိုက်ရာ မာလိန်မှူးကြီးသည် စာကိုဆုံးအောင်ဖတ်၍ အလွန်စိတ်ထိခိုက်ဟန်ဖြင့်

"သွားပြီ၊ ငါ့ဘဝတော့ အဆုံးသတ်သွားပြီ၊ သူတို့အားလုံး ငါ့လျှို့ဝှက်ချက်ကို သိကုန်ကြပြီ၊ ငါလူ့ပြည်မှာနေလို့မရတော့ဘူး"

ဟုရေရွတ်ကာ ရင်ဝကို လက်ဖြင့်အုပ်၍ လဲကျသွားလေ၏။ ကျွန်ုပ်က မာလိန်မှူးကြီးဟုခေါ်၍ ပြေးပွေ့ထားလိုက်၏။

မကြာမီ ဆရာဝန်ကြီးရောက်လာသောအခါ စစ်ဆေးကြည့်ရှုပြီး ခေါင်းခါယမ်းကာ

"ဒီလူကြီးအသက်ရှင်မယ် မထင်တော့ဘူး"

ဟုဆိုကာ ခြေကြွခကိုပင် မယူဘဲထွက်သွားလေ၏။

ခဏကြာလျှင် မာလိန်မှူးကြီး သတိရလာပြီး ကျွန်ုပ်၏ မိခင်ကိုကြည့်ကာ

"ကြင်နာတတ်တဲ့မိန်းကလေး၊ မင်းအတွက် ငါ့ရဲ့နောက်ဆုံးလက်ဆောင်ကိုပေးခဲ့မယ်၊ ငါ့အိပ် ခန်းထဲက သားရေအိတ်ထဲမှာ ပင်လယ်ဓားပြကြီးမိုးကြိုးရဲ့ ရတနာသိုက် မြေပုံရှိတယ်၊ ဒီမြေပုံကိုယူပြီး ဉာဏ်ရှိသလို သုံးပေတော့"

ဟု ပြောလိုက်ရာ မိခင်က ကမန်းကတန်း လက်ကာ၍

"ကျွန်မ မယူပါရစေနဲ့၊ ဒီဟာတွေနဲ့ ကင်းကင်းနေချင်လို့ပါ"

ဟု တောင်းပန်လေ၏။ အဘိုးကြီးက သက်ပြင်းချ၍

"မင်းလည်း ပင်လယ်ဓားပြတွေနဲ့ ပတ်သက်နေတာပဲ၊ ဘာဖြစ်လို့ နောက်တွန့်နေတာလည်း"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မိခင်၏ မျက်နှာကို တအံ့တဩ ကြည့်ရှုလိုက်၏ ။

မိခင်သည် ပင်လယ်ဓားပြနှင့် ပတ်သက်နေသည် ဆိုပါလား။

ကျွန်ုပ်တို့ ဆိုင်သို့ ပင်လယ်ဓားပြအချို့ ဝင်ထွက်သွားလာလေ့ ရှိကြောင်း သိသော်လည်း မိခင်နှင့် ပတ်သက်နေမည်မထင်ချေ။ မိခင်က မာလိန်မှူးကြီးကို ကြည့်၍

"ကျွန်မအတိတ်က အရိပ်တွေကို ပြည်ဖုံးကားချထားလိုက်ပြီ၊ အဟောင်းတွေကို အသစ်ပြန်မ ဖြစ်ချင်တော့ဘူး၊ ရတနာသိုက်တွေ၊ မြေပုံတွေ ကျွန်မမကြားချင်တော့ဘူး"

ဟု ပြောလေရာ မာလိန်မှူးအဘိုးကြီးက အသက်ကိုကြိုးစား၍ ရှူရင်း မောဟိုက်နေရာမှ

"အတိတ်က အရိပ်ကို လိုက်နေတယ်၊ ပြုပြင်လို့မရဘူး၊ ပြောင်းလဲလို့လည်း မရဘူး၊ မင်းမလို ချင်ရင် မြေပုံကို မီးရှို့ပြီး ငါ့ရဲ့ကိုယ်ခန္ဓာနဲ့အတူ မြေမြှုပ်ပစ်လိုက်ပါ"

ဟု ပြောရင်း မာလိန်မှူးကြီးသည် အသက်ကို ကြိုးစားရှူရင်း မောဟိုက်နေရာမှ ငြိမ်သက်သွား လေ၏ ။ မိခင်က မာလိန်မှူးကြီးကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍ ကောင်းရာမွန်ရာ ရောက်ပါစေဟု ဆုတောင်းနေလေ၏ ။

ကျွန်ုပ်၏ မိခင်သည် မာလိန်မှူးကြီး၏ ဈာပနအခမ်းအနားကို မိမိဆွေမျိုးရင်းချာကဲ့သို့ သဘော ထားပြီး ပြုလုပ်ပေးရှာ၏ ။ ဈာပနအခန်းအနားပြီးနောက် မိခင်သည် ကျွန်ုပ်အား ပင်လယ်ပြင်သို့

ဆီးမြင်နေရသော တောင်ကုန်းရှိရာသို့ ခေါ်ဆောင်သွားပြီး

"သား အမေ့ကို မေးစရာတွေရှိမယ်ထင်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က ခေါင်းညိတ်၍

"အမေက ပင်လယ်ဓားပြတွေနဲ့ ဘယ်လိုပတ်သက်သလဲ"

ဟု မေးမြန်းလိုက်၏။ မိခင်က ပင်လယ်ပြင်ကို ငေးကြည့်၍

"အတိတ်ကို အတိတ်မှာဘဲ ထားချင်လို့ ငါ့သားကို ဘာမှ မပြောခဲ့တာပဲ၊ အမေ့ရဲ့ ဖခင် မင်းရဲ့ အဘိုးဟာ နာမည်ကျော် ပင်လယ်ဓားပြခေါင်းဆောင်ကြီးတစ်ယောက်ပဲ၊ မင်းအဘိုးရဲ့နာမည်က ကတ်ပတိန်ဘလက်တဲ့၊ မင်းအဖေကလဲ ပင်လယ်ဓားပြတစ်ယောက်ပဲ၊ အမေ့ရဲ့ ဖခင်ကလည်း ပင်လယ်ဓားပြလို့ပဲပြောလို့ရတယ်၊ တကယ်တော့ အမေတို့က မျိုးနဲ့ရိုးနဲ့ ပင်လယ်ဓားပြတွေပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လျှို့ဝှက်ထားသော မိဘများ၏ ဘဝကို သိရသဖြင့် မယုံနိုင် အောင် အံ့သြနေမိ၏။ ကျွန်ုပ်တို့ဆိုင်သို့ ပင်လယ်ဓားပြများ မကြာခဏ ဝင်ထွက်သွားလာခြင်းကို မြင်ယောင်လာ၏။

မိခင်က ကျွန်ုပ်မျက်နှာကိုကြည့်၍

"အမေတို့ ပင်လယ်ဓားပြတွေဆိုတော့ သားစိတ်ဆင်းရဲသွားပြီလား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က မိခင်၏ အမေးစကားကို မဖြေဘဲ ခေါင်းကိုသာ ခါယမ်းပြလိုက်၏။

ကျွန်ုပ်၏ မျက်လုံးထဲ၌ ပင်လယ်ပြင်၌ တစ်ဦးနှင့် တစ်ဦး အသက်လုတိုက်ခိုက်နေသော ပင်လယ်ဓားပြများ၊ အရိုးခေါင်းအလံနှင့် တစ်လုံးထိုးမှန်ပြောင်း၊ အရက်စည် စသည့် ပင်လယ်ဓားပြ အသုံးအဆောင်ပစ္စည်းများကို မြင်ယောင်လာ၏။

ထိုမှတစ်ဖန်ကျွန်ုပ်တို့ ဆိုင်သို့ ဝင်ထွက်သွားလာနေသော ပင်လယ်ဓားပြမျာ:၏ အပြုအမူများကို မြင်ယောင်လာ၏။ မိခင်က ပင်လယ်ပြင်ကြီးကို ကြည့်၍

"မျိုးရိုးစဉ်ဆက် ပင်လယ်ဓားပြဖြစ်လာတဲ့သူတွေဟာ ပင်လယ်မှာဘဲ ကြီးပြင်းပြီး ပင်လယ်ထဲ မှာဘဲ သေဆုံးကြတယ်၊ သူတို့ဘဝကို အဆုံးသတ်ချင်ရင်လည်း လွယ်လွယ်ကူကူနဲ့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အမေတို့ မျိုးရိုးတစ်ခုလုံး ပင်လယ်ဓားပြတွေဖြစ်နေခဲ့တာပဲ ပင်လယ်ဓားပြဟာ ပင်လယ်မှာဘဲ ဘဝဆုံးတယ်ဆိုတဲ့ စကားရှိတယ်၊ အဘိုး ခေါင်းဆောင်တဲ့ ပင်လယ်ဓားပြအဖွဲ့ဟာ ပြိုကွဲခဲ့ရတယ်၊ နောက်ဆုံးတော့ မင်းအဖေဟာ အမေ့ကို ပင်လယ်ပြင်ကို ဘယ်တော့မှ မထွက်ပါဘူးဆိုတဲ့ ကတိ တောင်းပြီးသေဆုံးခဲ့တယ်၊ အမေဟာ မင်းအဖေရဲ့နောက်ဆုံးအချိန်မှာ တောင်းခဲ့တဲ့ကတိကို အသက်နဲ့လဲပြီး စောင့်ထိန်းခဲ့တယ်၊ ဒါကြောင့် အမေပင်လယ်ပြင်ကို ဘယ်တော့မှမထွက်ခဲ့ဘူး"

ဟု ပြောလေရာ ကျွန်ုပ်က မိခင်ဖြစ်သူကို ဂရုနာသက်ဟန်ဖြင့် ကြည့်နေမိ၏။ မမျှော်လင့်ဘဲ မိဘများ၏ ဘဝတစ်စိတ်တစ်ဒေသကို သိခွင့်ရလိုက်၏ ။ မိဘများသည် ပင်လယ်ဓားပြမျိုးရိုးမှ ဆင်းသက်လာသူများဖြစ်၏ ။

မိမိကိုယ်တွင်း၌ ပင် ပင်လယ်ဓားပြသွေးတို့ စီးဆင်းနေသလော။ မိခင်သည် ကျွန်ုပ်၏ လက်ထဲသို့ မာလိန်မှူးကြီးထံမှ ရရှိသော မြေပုံကို ကမ်းပေးလိုက်ပြီး

"ဟောဒီမြေပုံကို မာလိန်မှူးကြီးနဲ့အတူ မိးရှို့ပစ်မယ်လို့ စိတ်ကူးသေးတယ်၊ ဒါပေမယ့် ငါ့သားရဲ့ ကိုယ်ထဲမှာ အဘိုးနဲ့ အဖေရဲ့ သွေးတွေစီးမျောနေမယ်လို့ ခံစားမိတဲ့အတွက် မာလိန်မှူးကြီးရဲ့ မြေပုံကို သားလက်ထဲအပ်လိုက်တာပဲ"

ဟု ပြောလေရာ ကျွန်ုပ်က မြေပုံကို လှမ်းယူ၍ ပင်လယ်ပြင်ကို

ေးကြည့်ကာ

"ဟုတ်တယ်အမေ ကျွန်တော်ရင်ထဲမှာ အဘိုးနဲ့ အဖေရဲ့ သွေးတွေစီးဆင်းနေသလားမသိဘူး၊ ဟောဒီမြေပုံထဲက ရတနာတွေရှိတဲ့ နေရာကို စွန့်စွန့်စားစားသွားပြီး ရှာဖွေချင်တယ၊ ကျွန်တော် ရတနာ တွေကိုရပြီး ချမ်းသာချင်လို့မဟုတ်ဘူး အမေ စူးစမ်းရှာဖွေချင်လို့ပါ ဟောဒိဟောင်းနွမ်းဆွေးမြည့်နေတဲ့ မြေပုံစာရွက် လေးက အံ့သြစရာ သည်းထိတ်ရင်ဖိုတွေကို ညွှန်ပြပေးနိုင်မယ်လို့ ကျွန်တော်ထင်တယ်"

ဟု ရေရွတ်လိုက်လေ၏ ။ မိခင်ဖြစ်သူက

"အန္တရာယ်တွေလဲ အများကြီးရှိနိုင်တယ်"

ဟု ပြောလိုက်လေ၏ ။ ကျွန်ုပ်က လက်သီးဆုပ်၍

"လူတိုင်းတစ်နေ့ သေကြမှာဘဲ၊ စောစောသေတာနဲ့ နောက်ကျသေတာပဲကွာခြားတယ်၊ သေတာက သေတာပါပဲ အမေရယ်၊ ကျွန်တော်တော့ ရင်ခုန်လှိုက်မောစရာ စွန့်စားခန်းတွေကို ကြုံရရင် သေပျော်ပါတယ်ဗျာ"

ဟု ပြောလေ၏ ။ မိခင်က အဝေးဆီသို့ငေးကြည့်၍

"သားဟာ သားအဖေရဲ့ စိတ်ဓာတ်နဲ့ထပ်တူပါပဲ၊ ရတနာတွေ ရအောင်ရှာပြီးရင် ဆင်းရဲနွမ်းပါး တဲ့လူတွေအတွက် ဝေမျှပေးလိုက်ပါ၊ လောကမှာ ပိုနေသူတွေရှိသလို လိုနေတဲ့သူတွေလဲ အစဉ်အမြဲရှိ နေမှာပဲ ပိုတဲ့သူတွေက လိုတဲ့သူတွေဆီကို ရောက်ဖို့လိုတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်၍

"ပိုနေတဲ့ ပိုက်ဆံတွေကို လိုနေတဲ့ သူတွေဆီကို ပို့ပေးမယ်"

ဟု ကတိပြုလိုက်လေ၏ ။

××××××××××

## အခန်း (၂)

ထိုနေ့ ညသို့ရောက်သောအခါ မိခင်သည် အိပ်ခန်းထဲသို့ ဝင်လာပြီး အိပ်ပျော်နေသော ကျွန်ုပ်အား အသာအယာလှုပ်နှိုး၍ အိမ်နောက်ဘက်တံခါးသို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်က မိခင်ကို နားမလည်ဟန်ဖြင့်

"ဘာဖြစ်လို့လဲ အမေ"

ဟု ဆိုလိုက်ရာ မိခင်က ကျွန်ုပ်၏ နှုတ်ခမ်းကို လက်ဖြင့်အသာပတ်၍

"အနီးပတ်ဝန်းကျင်မှာ မသင်္ကာစရာ ငှက်အော်သံတွေကြားတယ် ဒါဟာ ပင်လယ်ဓားပြတွေ အချင်းချင်း အချက်ပေးတာပဲ၊ အမေတို့ တစ်နေရာကို ရှောင်နေရမယ်"

ဟုဆိုကာ ဆိုင်အပြင်သို့ထွက်၍ တောင်ကုန်းပေါ်မှ အောက်သို့ တရွေ့ရွေ့ဆင်းခဲ့၏။

ထို့နောက် ဆိုင်နှင့်မလှမ်းမကမ်းရှိ ဂိုဒေါင်ဟောင်းကြီးအနောက်၌ ပုန်းကွယ်၍ ကြည့်ကြ၏။

ထိုအခိုက်မှာပင် ထမင်းဆိုင်ရှေ့ မီးအိမ်ကြီးအနီးသို့ လူအချို့ ချည်းကပ်လာကြ၏။ ပင်လယ် ဓားပြများ၏ ခေါင်းဆောင်က လက်ဝှေ့ယမ်း၍

"ဆိုင်တံခါးကို ဖျက်ပြီးဝင်ပေတော့ ဒီနေ့ဆိုင်မှာ တည်းခိုတဲ့သူတွေမရှိဘူး သားအမိနှစ်ယောက် ပဲရှိတယ်၊ လိုချင်တာကို ရအောင်ယူစမ်း"

ဟု အမိန့်ပေးလိုက်ရာ ပင်လယ်ဓားပြများသည် ဆိုင်တံခါးကိုရိုက်ချိုး၍

ဆိုင်ထဲသို့ဝင်ကြ၏။ ပြီးနောက် ၄င်းတို့နှင့်အတူ ဆောင်ယူလာသော မီးတုတ်များ၊ လက်နှိပ်ဓာတ်မီးများကို ထွန်းညှိကြ၏။

ပင်လယ်ဓားပြအချို့သည် တည်းခိုခန်း၏ အပေါ်ထပ်သို့ ပြေးတက်ပြီး မာလိန်မှူးကြီး၏ အခန်းကို ဖျက်လေ၏။ အိပ်ခန်းတံခါး ပွင့်သွားသောအခါ မာလိန်မှူးကြီး၏ သားရေအိတ်ကြီးကို ယူ၍ ခေါင်းဆောင်ရှိရာသို့ ပစ်ပေးလိုက်ကြ၏။

ပင်လယ်ဓားပြခေါင်းဆောင်သည် သားရေအိတ်ကြီးကို အလောတကြီးဖွင့်လိုက်၏။ ထိုအခါ အိတ်ထဲ၌ အဝတ်အစား အဟောင်းတစ်စုံနှင့် နာရီအဟောင်းတစ်လုံး၊ တစ်လုံးထိုးမှန်ပြောင်း၊ ဓားမြှောင် နှင့် သေနတ်တစ်လက်ကိုသာ တွေ့ရ၏။

ပင်လယ်ဓားပြခေါင်းဆောင်သည် အိတ်ထဲသို့အလောတကြီး မွှေနှောက်ရှာဖွေပြီး အသံနက်ကြီး ဖြင့်

"ရတနာမြေပုံမရှိတော့ဘူး၊ ဆိုင်ရှင်သားအမိကိုရှာကြဟေ့"

ဟုအော်ဟစ်လိုက်၏။ ပင်လယ်ဓားပြများသည် တစ်ဆိုင်လုံးအနှံ့လိုက်လံရှာဖွေကြပြီး ကျွန်ုပ်တို့ သားအမိကို မတွေ့ကြောင်း အော်ဟစ်ပြောလေ၏။

ပင်လယ်ဓားပြခေါင်းဆောင်သည် ဆိုင်အပြင်သို့ထွက်၍ ဒေါသတကြီးဖြင့်

"ဒီဆိုင်ကို မီးရှို့လိုက်ဟေ့"

ဟုဆိုကာ မီးတုန်ကြီးကို မြှောက်၍ ဆိုင်ထဲသို့ပစ်သွင်းရန်ကြံလိုက်၏။ ကျွန်ုပ်တို့သားအမိသည် ဆိုင်မီးလောင်တော့မည်ဆိုသဖြင့် ထိတ်လန့်တကြားဖြစ်သွား၏။

ထိုအခိုက်မှာပင် တောင်ပေါ်သို့ ပုလိပ်များတက်လာပြီး

"ဟော့ကောင်တွေ မပြေးနဲ့"

ဟုအော်ဟစ်လိုက်လေ၏။

ပင်လယ်ဓားပြများသည် ပုလိပ်များရောက်လာသဖြင့် ထိုနေရာမှ ကိုယ်လွတ်ရုန်းပြေးလေ၏။ ပုလိပ်များသည် လူဆိုးများကို ဖမ်းဆီးရန်ကြိုးစားသော်လည်း ၎င်းတို့အားလုံး ဆိပ်ကမ်းသို့ ရောက်အောင်ပြေးပြီး သင်္ဘောကို ရွက်လွှင့်ထွက်ခွာသွားလေ၏။

ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်၏ ပင်လယ်ခရီးအတွက် သူမကိုယ်တိုင် စိတ်အားတက်ကြွစွာ ကူညီပေးရန် ဆုံးဖြတ်လိုက်၏။

သူမသည် မြန်မာပြည်၏ တစ်နေရာ၌ ရှိသော မိတ်ဆွေများထံသို့ စာများ အသီးသီးရေးပို့လိုက်၏။

ထိုစာများကို ရေးပို့လိုက်ပြီး တစ်လခန့်ကြာသောအခါ သူမထံသို့ ကောင်းဘွိုင်ဆန်ဆန်လူကြီး တစ်ဦး ရောက်ရှိလာ၏။ ထိုလူကြီးသည် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို ထားရှိပြီး လွန်စွာယောကျ်ား ပီသကာ လောကကြီးကို ထီမထင်သော မျက်နှာထားရှိလေ၏။

မိခင်သည် ထိုလူကြီး မြင်သောအခါ ဝမ်းသာအားရဖြင့်

"ကိုယ်ရံတော်ကြီး ရှင်တကယ်ရောက်လာတယ်နော်"

"ထိပ်ထားသခင်မက အခေါ်လွှတ်တော့လည်းကိုယ်ရံတော်ကြီးက အခစားဝင်ရတော့မှာပေ့ါ"

ဟု ပြောကာ နှစ်ဦးသားရယ်မောကြလေ၏။ ထိုလူကြီးသည် အနီး၌

ရပ်ကြည့်နေသော ကျွန်ုပ်ကို ကြည့်ကာ

"ဒီကောင်လေးက မင်းရဲ့သားလား၊ ငါ့သူငယ်ချင်းနဲ့တစ်ပုံစံတည်းပဲနော်"

ဟု ပြောလေရာ မိခင်က ကျွန်ုပ်ကို ကြည့်၍

"သားက အဖေနဲ့ လူချင်းတူရုံမကဘူး၊ စိတ်ဓာတ်ခြင်းလည်း တူနေပြီ"

ဟု ပြောလေရာ လူကြီးက ကျွန်ုပ်၏ ပခုံးကိုဖက်၍

"လောကကြီးမှာ တားဆီးလို့မရတာ စွန့်စားချင်တဲ့စိတ်ဓာတ်ပဲ၊ ဒီစိတ်ဓာတ်က ရင်ထဲမှာ ကြီးထွားလာပြီဆိုရင် ဘယ်လိုမှ ထိန်းချုပ်လို့ မရတော့ဘူး၊ တစ်ချိန်ချိန်မှာ ပေါက်ကွဲထွက်တော့တာဘဲ၊ လူ့သဘာဝ ကိုက ရှန်းကန်ကြီးပြင်းရင်းနဲ့ တိုးတက်လာတဲ့ သဘောရှိတယ်"

ဟု ပြောလေ၏။ မိခင်က လူကြီးကို ကြည့်၍

"ရှင်ကတော့ ကျွန်မဆီကို ချက်ချင်းရောက်လာပြီ၊ တေလေကြီးကတော့ ခုထိမရောက်သေးဘူး ဒါကို ကြည့်ခြင်းအားဖြင့် တေလေကြီးက ရှင့်လောက် ကျွန်မကို မခင်တွယ်ဘူးဆိုတာ ပေါ်လွင်နေပြီ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်တို့အနောက်မှ

"'ဒီလိုမထင်ပါနဲ့ ညီမရယ် တေလေကြီးရောက်ပါပြီ၊ ညီမကို ချစ်တဲ့အချစ်မှာ တေလေကြီးက လူဝွစာကြီးထက် မလျော့ပါဘူး"

ဟူသောအသံကို ကြားရ၏။

ကျွန်ုပ်တို့ အနောက်သို့ လှည့်ကြည့်လိုက်သောအခါ တစ်ခေါင်းလုံး ဆံပင်များ ဖြူဖွေးနေသော လူကြီးတစ်ဦး တောင်ပေါ်သို့ တက်လာ ကြောင်းတွေ့ရ၏ ။

ခေါင်းဖြူကြီး၏ မျက်နှာသည် အလွန်ရယ်ရွှင်ဖွယ် ကောင်းလှပြီး ကျွန်ုပ်၏ မိခင်ကို ပြေး၍ ပွေ့ဖက်ထားလိုက်၏။ ကောင်းဘွိုင်ဆန်ဆန်လူကြီးက ထိုမြင်ကွင်းကိုကြည့်၍ ရယ်မောကာ

"ဟော့ကောင်ကြီး ငါ့ကိုလဲ နှုတ်ဆက်ပါဦးကွာ"

ဟု ပြောလိုက်ရာ ခေါင်းဖြူနှင့် လူကြီးက ငဲ့စောင်းကြည့်၍

"ငွစာကြီး မင်းကို မနှုတ်ဆက်ဘူး၊ မင်းငါ့ကို အမြဲတမ်းလူလည်ကျကျသွားတာ ငါဘယ်တော့မှ မမေ့ဘူးကွ၊ မင်းငါ့ဝေစုတွေ လှည့်ပတ်ယူပြီး ချမ်းသာနေပြီမဟုတ်လား၊ ငါကတော့ အဆင်မပြေလို့ ပေါက်စီ ရောင်းစားနေရတယ်ကွ"

ဟု ပြောလိုက်ရာ ကောင်းဘွိုင်ဆန်ဆန်လူကြီးက ရယ်မော၍

"မင်းလိုလူဟာ ဘယ်တော့မှ ချမ်းသာကြွယ်ဝမှာ မဟုတ်ဘူး၊ ဒီမှာ ချမ်းသာကြွယ်ဝချင်ရင် အပေါင်းမနှုတ်အမြှောက်အစားကို အရင်ဆုံးကျွမ်းကျင်အောင်လုပ်ကွ"

ဟု ပြောလိုက်လေ၏။ မိခင်က ထိုသူနှစ်ဦး၏ နောက်ပြောင်ကျီစယ်ပုံကိုကြည့်၍

"တော်ကြပါတော့ရှင်၊ ကျွန်မသားနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သားနံမည်က ကျော်စွာလို့ခေါ်တယ်"

ဟု ပြောရင်း မိခင်က ကောင်းဘွိုင်ဆန်ဆန်လူကြီးကို ကြည့်၍

"သူ့နံမည်က ဦးထိပ်သီးလို့ခေါ်တယ်၊ ကျန်တဲ့ခေါင်းဖြူကြီးကတော့ ဦးတာတေတဲ့ သူတို့နှစ် ယောက်စလုံးက အမေ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေပဲ၊ ရှင်းရှင်းပြောရရင် သားအဖေနဲ့လဲ သူတို့ဟာ သေဖော်သေဖက်တွေပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် မိခင်၏ စကားကြောင့် ထိုလူကြီး

နှစ်ယောက်ကို ပင်လယ်ဓားပြ များဟု သိရှိသွား၏။ ကျွန်ုပ်ကို မမွေးမီမှာပင် ဖခင်သေဆုံးသွားသဖြင့် ဖခင်၏ မျက်နှာကိုပင် မြင်တွေ့ဖူး ခြင်းမရှိချေ။ ကျွန်ုပ်သည် ထိုလူကြီးနှစ်ယောက်၏ အပြုအမူကိုကြည့်၍ ဖခင်၏ ပုံရိပ်ကို မြင်ယောက်မိသယောင်ခံစားရ၏။

ထိုနေ့ညက မိခင်သည် ဧည့်သည်များကို ထမင်းဆိုင်၌ ပင် ကျွေးမွေးဧည့်ခံလေ၏။ ဧည့်သည် လူကြီးနှစ်ယောက်သည် မိခင်တည့်ခင်းဧည့်ခံသော ဟင်းလျာများကို မြိန်ရှက်စွာ စားသောက်လေ၏။

ထိုနေ့ည ဆိုင်ပိတ်ပြီးသောအခါ အိမ်ပေါ်ထပ်ဝရန်တာ၌ ထိုင်၍ မိခင်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေ၏။ လူကြီးနှစ်ယောက်သည် မိခင်ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်၍ ဦးထိပ်သီးက

"ဒါဆိုရင် ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့ ရတနာသိုက်မြေပုံ ပြန်ပေါ်လာပြီပေါ့၊ မြေပုံအစစ်ဆိုရင် တော့ ငါတို့ပွပြီကွ"

ဟု ပြောလေ၏။ ဦးတာတေဆိုသောလူကြီးက မိခင်ဘက်သို့ လှည့်၍

"ကြည်ကြည်ပြောပုံအရဆိုရင် မြေပုံက အစစ်ဖြစ်ဖို့ သေချာနေပြီ၊ ငါတို့အတွက် စွန့်စားခန်းကြီး တစ်ခုနဲ့ ဆုံတွေ့ဖို့ အခွင့်အရေးပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်က ဝင်ရောက်၍

"ဦးလေးတို့နဲ့အတူ ရတနာ မြေပုံအညွှန်းတိုင်း မရရအောင်ရှာဖို့ ကျုပ်ဆုံးဖြတ်ထားတယ်"

ဟု ပြောလေ၏။ ထိုအခါ ဦးတာတီးက ကျွန်ုပ်၏ ဦးခေါင်းကို လက်ဖြင့်ပွတ်၍

"မင်းက ရတနာတွေရရင် သူဌေးကြီးလုပ်မလို့လား"

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က ခေါင်းခါယမ်း၍

"ကျုပ် သူဌေးကြီးမလုပ်ချင်ပါဘူး၊ သူဌေးကြီးလဲ တစ်နေ့ ထမင်းနှစ်နပ်ပဲ စားရတယ်၊ ဆင်းရဲသားလည်း ဒီလိုပါပဲ၊ ကျုပ်က ခက်ခက်ခဲခဲ ကြိုးပမ်းပြီးရတဲ့အောင်မြင်မှုကို ခံစားကြည့်ချင်တာဗျ၊ ရတနာတွေကို မြင်ရင် ပျော်ဖို့တော်တော်ကောင်းမယ်"

ဟုပြောလိုက်ရာ ဦးတာတေက ကျွန်ုပ်ကို သဘောကျဟန်ဖြင့်ကြည့်၍

"မင်းရဲ့စိတ်ကိုတော့ ကြိုက်သွားပြီ၊ ငါတို့အားလုံး ဒီလိုစိတ်မျိုးပဲရှိကြတယ်ကွ၊ ကဲ . . . ရတနာ မြေပုံကိုကြည့်ရအောင်"

ဟုဆိုလိုက်ရာ မိခင်က ရတနာမြေပုံရေးဆွဲထားသော သားရေချပ်ကို ထုတ်ပေးလိုက်လေ၏။

လူကြီးနှစ်ယောက်စလုံး ရတနာမြေပုံကို သေချာစွာကြည့်၍ ဦးထိပ်သီးက

"ရတနာမြေပုံအရဆိုရင်တော့ ကပ္ပလီ ကျွန်းစုထဲက တစ်ကျွန်းကျွန်းပဲ၊ ဒီနေရာတွေကို ငါတို့ကြီး စိုးခဲ့ဖူးတာပဲ၊ ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့ရတနာသိုက်ကို တွေ့မှာသေချာတယ်"

ဟု ပြောလေ၏။

ဦးထိပ်သီးကမြေပုံစာရွက်ကို သေချာစွာကြည့်၍

"ပင်လယ်ဓားပြကြီးမိုးကြိုးရဲ့ ရတနာသိုက်ဟာ ပင်လယ်ဓားပြလောကမှာတော့ ဒဏ္ဍာရီတစ်ခု လိုပဲ၊ ဒီရတနာသိုက်အကြောင်းကို မသိတဲ့လူ အင်မတန်ရှားတယ်၊ ဒီနေ့ထမင်းဆိုင်မှာ ဖြစ်နေတဲ့ အခြေအနေကိုကြည့်ရင် ရတနာသိုက်ရဲ့သတင်းကို လူတော်တော်များများ သိနေမှာသေချာတယ်၊ ဒါကြောင့် အန္တရာယ်တော့ အလွန်များတယ်၊ ငါတို့အားလုံး

သတိမရှိရင် ငရဲပြည်ရောက်သွားလိမ့်မယ်"

ဟုပြောလေရာ ဦးတာတေက မျက်နှာရှုံ့မဲ့၍

"မင်းပြောပုံအရ ကျုပ်တို့သေရင် ငရဲပြည်ရောက်မှာ သေချာနေပြီ"

ဟု ပြောလေ၏။ ဦးထိပ်သီးက ရယ်မော၍

"ပင်လယ်ဓားပြသေလို့ ငရဲမရောက်ပဲ နတ်ပြည်ရောက်မှာလား၊ ဒီနေ့ခေတ်မှာ နတ်ပြည် ရောက်တဲ့သူထက် ငရဲပြည်ရောက်မဲ့သူပိုများတယ်ကွ၊ ကဲ . . . ပင်လယ်ပြင်ထွက်ဖို့ သင်္ဘောရှာရမယ်၊ မာလိန်မှူးတစ်ယောက်နဲ့ သင်္ဘောသားတွေ လိုတယ်"

ဟုပြောလေ၏။

ထိုအခါ ကျွန်ုပ်၏ မိခင်က

"သင်္ဘောရှာဖို့အတွက် ကျွန်မတာဝန်ထား၊ ကျွန်မမှာ အဆက်အသွယ်တွေရှိတယ်၊ ကျွန်မယောက်ကျာ်းကို ကတိပေးထားတဲ့အတွက် ပင်လယ်ပြင်ကို ကျွန်မ မလိုက်ရတော့ဘူး၊ ကဲ . . . မနက်ဖြန်ကစပြီး သင်္ဘောကောင်းကောင်း တစ်စီးဝယ်ပြီးသင်္ဘောသားတွေကိုပါ ရှာရတော့မယ်၊ ပင်လယ်ပြင်ကိုရောက်ရင် ကျွန်မသားကို ဂရုစိုက်ကြပါ၊ သူ့မှာ ပင်လယ်ပြင်နဲ့ပတ်သက်တဲ့ အတွေ့အကြုံ တစ်ခုမှ မရှိသေးဘူး"

ဟုပြောလေရာ ဦးတာတေက ကျွန်ုပ်၏ မျက်နှာကိုကြည့်၍

"လူမှာအမျိုး ကြက်မှာအရိုးတဲ့၊ သူ့အဖေလို အရည်အချင်းတွေရှိမှာပါ"

ဟု ပြောလိုက်လေတော့၏။

နောက်တစ်နေ့မှစ၍ မိခင်သည် မိတ်ဆွေများထံမှ သင်္ဘောတစ်စင်းကို

လိုက်လံဝယ်ယူလေရာ ကျွန်ုပ်တို့လိုအပ်သော သင်္ဘောကိုရရှိလေ၏။ သို့သော် ပင်လယ်ပြင်သို့ ထွက်ရန်သင်္ဘောသားများ ရရှိ ခြင်းမရှိချေ။

ရက်အနည်းငယ်ကြာသောအခါ သူမ၏ မိတ်ဆွေများ၏ ဝိုင်းဝန်းကူညီမှုကြောင့် ပင်လယ်ပြင်သို့ လိုက်ပါမည့်မာလိန်မှူးအပါအဝင် သင်္ဘောသားများကို ရရှိလေ၏။

မာလိန်မှူးနှင့် သင်္ဘောသားများကို သင်္ဘောပေါ်၌ ပင် နေရာချထားပေးလိုက်၏။

ထို့နောက် ပင်လယ်ပြင်သို့ထွက်ရန် ရိက္ခာများကို ဝယ်ကြရလေ၏။ ထိုသို့ ဝယ်ယူပြီးနောက် မိခင်က

"ကျွန်မတို့ ဝယ်ထားတဲ့သင်္ဘောက ပင်လယ်ပြင်ထွက်ဖို့ အသင့်ပဲ၊ သင်္ဘောသားတွေရဲ့ အရည် အချင်းကတော့ စိတ်တိုင်းကျမဖြစ်ဘူး၊ သူတို့အားလုံး ကျွန်မတို့ရှာဖွေနေတဲ့ ရတနာသိုက်အကြောင်း သိမှာ သေချာတယ်၊ ဒါကြောင့် ကျွန်မတို့ သတိထားဖို့တော့လိုတယ်"

ဟုပြောလေရာ ဦးတာတေက

"ပင်လယ်ပြင်မှာလဲ အန္တရာယ်အမျိုးမျိုးနဲ့ ကြုံတွေ့နိုင်သလို၊ ကျွန်းပေါ်ကိုရောက်တဲ့အခါလဲ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေမှာပဲ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့ကွာ"

ဟုသတိပေးလေ၏။

ကျွန်ုပ်တို့သည် လာမည့်စနေနေ့၌ သင်္ဘောထွက်ခွာရန် ရက်ကိုရွေးလိုက်၏။

သင်္ဘောထွက်မည့်နေ့တွင် မိခင်က ကျွန်ုပ်ကိုခေါ်၍

""ငါ့သားကို စိတ်မချတာအမှန်ပဲ၊ စိတ်မချလို့ အမေကိုယ်တိုင်လဲ

ပင်လယ်ထဲကို လိုက်လို့မရဘူး အသက်နဲ့ကိုယ်မြဲနေသရွေ့
ပင်လယ်ထဲကိုမဆင်းပါဘူးဆိုတဲ့ကတိကို မင်းအဖကို အမေပေးခဲ့တယ်၊ ဒါကြောင့်
သားအတွက် ကံကောင်းစေတဲ့ဆွဲကြိုးလေးတစ်ကုံးကိုပဲ ပေးလိုက်မယ်၊
ဒီဆွဲကြိုးလေးကို မင်းအဖေအမြဲဆွဲခဲ့တယ်"

ဟုဆိုကာ ကျွန်ုပ်အား ရွှေဖြူနှင့်လုပ်ထားသော ဆွဲကြိုးလေးတစ်ကုံးကို ထုတ်ပေးလေ၏။

ထိုဆွဲကြိုးလေးသည် ကျွန်ုပ်မိခင်၏ အမြတ်နိုးဆုံးပစ္စည်းဖြစ်ကြောင်းသိ၏။ မိခင်သည် ဆွဲကြိုး ကို ကျွန်ုပ်၏ လည်တိုင်၌ ကိုယ်တိုင်ဆွဲပေးလေ၏။

ပြီးနောက်တွင်မူ ကျွန်ုပ်တို့သည် လှေငယ်လေးတစ်စီးဖြင့် သင်္ဘောရှိရာသို့ လှော်ခတ်ခဲ့၏။

သင်္ဘောဆီသို့ရောက်သောအခါ သင်္ဘောသားများက ကျွန်ုပ်တို့ လူစုကို ကြိုဆို၍ နေရာထိုင်ခင်း ပေးလေ၏။

သင်္ဘော၏ မာလိန်မှူးသည် ကုန်းပေါ်သို့ ခေတ္တသွားနေသည်ဆို၏။

အတန်ကြာသောအခါမှ မာလိန်မှူးသည် လှေငယ်လေးတစ်စီးဖြင့် သင်္ဘောဆီသို့ ရောက်လာ ၏။

မာလိန်မှူးသည် အနီရောက်ဆံပင်ရှိသော လူကြမ်းသူကြမ်းကြီးတစ်ဦးဖြစ်၏။ ခါးကြား၌ ဓားမြှောင်တစ်ချောင်းကို ချိတ်ဆွဲထား၏။

ကျွန်ုပ်သည် မာလိန်မှူး၏ ဆံပင်များ အနီရောက်ဖြစ်နေသဖြင့် စိတ်လှုပ်ရှားသွားမိ၏။

ထိုမာလိန်မှူးသည် သေဆုံးသွားသော မျက်စိတစ်ဖက်လပ်အဘိုးကို

ကြောက်ရွံ့သောသူပင် ဖြစ်လေမလား။

တစ်ခေါင်းလုံးဆံပင်များ အနီရောက်ဖြစ်နေသော မာလိမ်မှူးက ဦးထိပ်သီးကို လက်ဆွဲနှုတ် ဆက်၏။

"ကျုပ်နာမည် စိန်အုပ်ပါ၊ မာလိန်မှူး စိန်အုပ်၊ လူကြီးမင်းတို့ရဲ့ မင်္ဂလာရှိတဲ့ခရီးလမ်းမှာ ကျုပ်လိုက်ပါခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်"

ဟုပြောလေ၏။

ထိုအခါ ဦးတာတေက ဝင်ရောက်၍

"ဒီသင်္ဘောက သင်္ဘောသားတွေရဲ့ အခြေအနေဘယ်လိုရှိသလဲ"

ဟုမေးမြန်းလေရာ မာလိန်မှူးစိန်အုပ်က ခေါင်းခါယမ်း၍

"ကျုပ် လုံးဝသဘောမကျဘူး၊ ဒီလူတွေဟာ ပင်လယ်ပြင်မှာ ခိုင်းလို့ကောင်းမဲ့လူတွေမဟုတ် ဘူး၊ သူတို့နဲ့ ပင်လယ်ခရီးသွားရတာ ကျုပ် ဝန်လေးမိတယ်"

ဟုပြောလေ၏။ ဦးထိပ်သီးက မိုက်မိုက်ကန်းကန်း အမူအရာရှိသော သင်္ဘောသားများဘက်သို့ လှည့်၍

"သူတို့အားလုံး အမိန့်နာခံပြီးတော့ သစ္စာရှိဖို့လိုတယ်၊ သူတို့ကို ကျုပ်တို့ ပြုပြင်ကြည့်ရအောင်"

ဟုပြောလေရာ မာလိန်မှူးစိန်အုပ်က ခေါင်းခါယမ်း၍

"ကျုပ်တော့ မထင်ဘူး၊ သူတို့အားလုံး ဘုရားမရှိ၊ တရားမရှိ တဲ့ကောင်တွေ၊ ငွေသာရမယ်ဆို ရင် ဘနဖူး သိုက်တူးမဲ့သူတွေပဲ၊ ကျုပ်သဘောဆိုရင်တော့ သူတို့အားလုံးကို ရေထဲကန်ချချင်နေပြီ"

ဟုပြောလေ၏။ ကျွန်ုပ်သည် သင်္ဘောပေါ်၌ တစ်ဦးနှင့် တစ်ဦး

ဆဲရေးတိုင်းထွာနေသော သင်္ဘောသားတစ်စုကိုကြည့်၍ စိတ်ပျက်လက်ပျက်ဖြစ်သွား၏။ ဦးတာတေက သက်ပြင်းချ၍

"သူတို့ကို ကြိုးစားပြီးစည်းရုံးကြည့်ဦးမယ်"

ဟုဆိုကာ သင်္ဘောသားများရှိရာသို့ သွား၍

"မင်းတို့အားလုံးကို ပင်လယ်ခရီးမထွက်မီမှာ အရေးကြီးတာ မှာကြားချင်တယ်၊ ကျေးဇူးပြုပြီး နားထောင်ပါဦး"

ဟုပြောလိုက်ရာ သင်္ဘောသားအချို့သည် ဦးတာတေ၏ စကားကို မကြားဟန်ဖြင့် ဆက်လက် ၍ ဆူဆူညံညံ ဆဲရေးတိုင်းထွာနေကြ၏။

မာလိန်မှူးစိန်အုပ်က ပခုံးတွန့်၍

"ခင်ဗျားတို့ မြင်ပြီမဟုတ်လား၊ ဒီကောင်တွေကို ကျုပ် သိပ်စိတ်ပျက်တယ်"

ဟုပြောဆိုလေ၏။ ဦးထိပ်သီးက ဆူဆူညံညံပြုနေသော သင်္ဘောသားများ၏ အနီးသို့သွား၍ ဆဲဆိုနေသော သင်္ဘောသားနှစ်ဦးကို ဆတ်ခနဲ ချုပ်ကိုင်ကာ ခေါင်းချင်းဆိုင် တိုက်ပေးလိုက်လေ၏။

သင်္ဘောသားနှစ်ဦးသည် ခေါင်းချင်းတိုက်လိုက်သော အရှိန်ကြောင့် မူးဝေပြီး ကုန်းပက်ပေါ်သို့ လဲကျသွားလေ၏။ သင်္ဘောသားနှစ်ဦးသည် ခေါင်းမူးပြေသောအခါ ကုန်းပက်ပေါ်မှ လူးလဲထ၍ ဓားမြှောင်ကိုယ်စီထုတ်ကာ ဦးထိပ်သီးကို တိုက်ခိုက်ကြ၏။

ဦးထိပ်သီးသည် သင်္ဘောသားတစ်ဦး၏ ဓားကိုင်လက်ကို ချုပ်ကိုင်၍ လက်ကိုလိမ်ချိုးလိုက်ရာ ထိုသူသည် အသံနက်ကြီးဖြင့်အော်၍ ဓားလွတ်ကျသွား၏။

ကျန်သင်္ဘောသား၏ လက်ကောက်ဝတ်ကိုလည်း လက်တစ်ဖက်တည်းဖြင့် ချုပ်ကိုင်လိုက်၏။ သင်္ဘောသားသည် ဦးထိပ်သီး၏ လက်မှ

ရှန်းထွက်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားသော်လည်း ကြောင်၏ လက်သည်း၌ အမိခံနေရသော ကြွက်ကဲ့သို့ ရုန်းကန်ရန် မတတ်နိုင်တော့ချေ။ ဦးထိပ်သီးက ရယ်မောရ၍

"ရအောင်ရုန်းလေကွာ၊ ရုန်းလို့ရရင် ရွှေဒင်္ဂါးအပြားတစ်ရာဆုချမယ်"

ဟု သရော်လှောင်ပြောင်လိုက်လေ၏ ။ နောက်ဆုံး၌ ထိုသူအရှုံးပေးသောအခါမှ ညင်သာစွာ ဆောင့်တွန်းလိုက်ရာ ကုန်းပတ်ပေါ်သို့ ဒလိမ့်ကောက်ကွေး လိမ့်ကျသွားလေသည်။

ထိုသူနှစ်ဦးသည် သင်္ဘောသားအုပ်စုထဲတွင် အဆိုးဆုံး အမိုက်ဆုံးများ ဖြစ်သဖြင့် ကျန်သူများသည် ကျွန်ုပ်တို့လူစုကို အထင်မသေးဝံ့ဘဲ ငြိမ်သက်သွားလေ၏ ။

ဦးထိပ်သီးက သူ၏ အကျႌ.......လက်မောင်းကို ပင့်ပြလိုက်ပြီး လက်မောင်း၌ ရှိသော အရိုးခေါင်းတံ ဆိပ်ဆေးမင်ကြောင်ကိုပြကာ

"မင်းတို့ ငါ့ကို စမ်းလို့မရဘူးကွ၊ ငါတို့ဘာကောင်တွေလဲ ဆိုတာမင်းတို့သိပြီမဟုတ်လား၊ မင်းတို့မမွေးခင်ကတည်းက ပင်လယ်ထဲမှာ သက်စွန့်ဆံဖျား အလုပ်လုပ်လာတာ ငါတို့သတ်ခဲ့တဲ့ လူတွေဟာ မင်းတို့ အသက်ထက်များတယ်၊ သတ္တိရှိတဲ့ကောင်စမ်းကြည့်စမ်း၊ ဒီတစ်ခါ ပင်လယ်ထဲကို ပစ်ချလိုက်မယ်"

ဟု ခြိမ်းခြောက်လိုက်ရာ ပင်လယ်ဓားပြများသည် ကျွန်ုပ်တို့ကို မစမ်းဝံ့တော့ဘဲ ရိုကျိုးသော အမူအရာများပြသ ကြလေ၏ ။

ထိုအခါ ဦးတာတေက အရက်စည်ပေါ်သို့တက်၍ မတ်တတ်ရပ်လိုက်ပြီး

"မင်းတို့နဲ့ ငါတို့က တစ်လှေတည်းစီး တစ်ခရီးတည်းသွားတဲ့သူတွေပဲ၊ ဒါကြောင့် မင်းတို့ကို ငါတို့ ဘာမှထိန်ဗုက်မထားချင်ဘူး၊ မင်းတို့လဲ ငါတို့ရဲ့

ရည်ရွယ်ချက်ကို ရိပ်မိကောင်းရိပ်မိလိမ့်မယ်"

ဟု ပြောပြီး ဦးထိပ်သီး၏ မျက်နှာကို လှမ်းကြည့်လိုက်ရာ ဦးထိပ်သီးက ခွင့်ပြုဟန်ဖြင့် ခေါင်းညိတ်ပြလိုက်၏။ ဦးထိပ်သီးက အနီး၌ ရပ်နေသော ကျွန်ုပ်၏ ပခုံးကိုဖက်၍

"ပင်လယ်ဓားပြကြီးမိုးကြိုးရဲ့ ရတနာသိုက်ကိုတွေ့ရင် ဆယ်ပုံပုံပြီးတစ်ပုံကို သင်္ဘောသားတွေ အတွက် ဝေစုခွဲပေးလိုက်မယ်၊ သူ့ကိုလဲ ငါတို့နဲ့အတူ စွန့်စားကြတဲ့သူတွေပဲ"

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်၍ ဦးထိပ်သီးကို

"ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်ုပ်တို့က လောဘဇောကပ်ပြီး ရတနာတွေ ရှာဖွေတာမှ မဟုတ်တာ"

ဟု ပြောလေ၏။ ဦးတာတေက ဆက်လက်၍

"ငါတို့ ပင်လယ်ထွက်ရတဲ့ ရည်ရွယ်ချက်က ပင်လယ်ဓားပြလောကမှာ ဒဏ္ဍာရီတစ်ပုဒ်လို နာမည်ကြီးတဲ့ ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့ ရတနာသိုက်ကို ရှာဖွေဖို့ပဲ၊ ငါတို့မှာ ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့ ရတနာသိုက်နဲ့ပတ်သက်တဲ့ မြေပုံကိုရရှိထားတယ်၊ ဒီမြေပုံအညွှန်းတိုင်း ငါတို့ပင်လယ်ခရီး ထွက်ကြမှာဖြစ်တယ်၊ ငါတို့ရဲ့ ခရီးလမ်းမှာ အန္တရာယ်တွေ အများကြီးကြုံတွေ့နိုင်တယ်၊ စွန့်စားခန်းတွေ လဲအများကြီး ကြုံတွေ့ရမယ်၊ အသက်အန္တရာယ်နဲ့လည်းကြုံတွေ့နိုင်တယ်၊ ဒါကြောင့် ငါတို့အားလုံးညီ ညွတ်မှ ဖြစ်မယ်၊ ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့ ရတနာသိုက်ကို ရှာဖွေတွေ့ရင် ရတနာပစ္စည်းတွေရဲ့ ဆယ်ပုံ တစ်ပုံကို မင်းတို့သင်္ဘောသားတွေအတွက် ဝေစုအဖြစ်ပေးမယ်၊ ငါတို့ပေးမယ့် ဝေစုကို မလိုချင်ဘူး၊ အသက်အန္တရာယ်မဖြစ်ချင်ဘူးဆိုရင်တော့ ငါတို့ခရီးကို မလိုက်ဘဲနေနိုင်တယ်၊ မလိုက်ချင်တဲ့လူတွေ အခုချိန်ကစပြီး နေရပ်ကို ပြန်နိုင်တယ်၊ ကဲ . . .

မင်းတို့လူစုထဲက မလိုက်ချင်တဲ့ သူ လက်ညှိုးထောင်ပါ"

ဟု ပြောလိုက်ရာ သင်္ဘောသားများသည် ရတနာများ၏ ဆယ်ပုံတစ်ပုံကို ရရှိမည်ဆိုသဖြင့် ပင်လယ်ခရီးသို့ လိုက်ရန် အားလုံးသဘောတူကြလေ၏။ ထိုအခိုက်မှာပင် သင်္ဘောသားများထဲမှ လွန်စွာသန်မာတောင့်တင်းသော လူထွားကြီးတစ်ယောက်က

"ခင်ဗျားတို့နဲ့အတူလိုက်ဖို့ ကျုပ်သဘောတူပါတယ်၊ ဒါပေမဲ့ ရတနာသိုက်မြေပုံဆိုတာ တိကျခိုင်မာဖို့တော့လိုတယ်၊ ကျုပ်ကို သင်္ဘောသားလုပ်လာတဲ့ သက်တမ်းတလျှောက်မှာ ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့ ရတနာသိုက်မြေပုံဆိုတာ ခဏခဏကြားဖူးတယ်၊ ဒါပေမဲ့ တိတိကျကျလိုက်ရှာရင်တော့ တစ်လွဲဖြစ်နေတာများပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးထိပ်သီးက ဝင်ရောက်၍

"ပင်လယ်ဓားပြကြီးရဲ့ ရတနာသိုက်မြေပုံက အစစ်ဖြစ်ဖြစ် အတုဖြစ်ဖြစ် မင်းအလုပ်မဟုတ်ဘူး၊ အတုဖြစ်ရင် ဒီခရီးလမ်းကို စွန့်စားရှာဖွေတဲ့ ငါတို့ရဲ့အရှုံးပဲဖြစ်မယ်၊ မင်းတို့ သင်္ဘောသားတွေကတော့ အခကြေးငွေရရှိပြီးသားပဲ၊ ဘာများအရှုံးရှိလို့လဲ"

ဟု ပြောလေ၏။ ထိုအခါ သန်မာထွားကြိုင်းသော သင်္ဘောသားကြီးက

"ကျုပ်တို့ သင်္ဘောသားတွေက အန္တရာယ်ခရီးမှန်းမသိလို့ ဒီဈေးနဲ့လိုက်ကြတာဗျ၊ ဒီခရီးလမ်းမျိုးကို သွားမယ်ဆိုရင် ခင်ဗျားတို့ ပိုက်ဆံပိုပေးသင့်တယ်"

ဟု ပြောလေရာ ဦးထိပ်သီးသည် လူသန်ကြီး၏ စကားကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစားနေ လေ၏။

ကျွန်ုပ်သည် သင်္ဘောသားလူသန်ကြီး၏ တောင်းဆိုမှုသည်

တရားမျှတသည်ဟု ယူဆသဖြင့် ဦးထိပ်သီးအနီးသို့ကပ်၍

"သူတို့ပြောတာ တရားမျှတတယ်ဦးလေး၊ သူတို့ကို လုပ်ခနှစ်ဆတိုးပေးလိုက်မယ်"

ဟု ပြောပြီး ထိုင်ရာမှ ထရပ်၍ သင်္ဘောသားများဆီသို့ လျှောက်လှမ်းကာ

"ခင်ဗျားတို့ပြောတာ လက်ခံပါတယ်၊ ခင်ဗျားတို့ကို လုပ်ခနှစ်ဆတိုးပေးမယ်"

ဟု ပြောလိုက်ရာ သင်္ဘောသားများသည် သဘောကျစွာဖြင့် လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံကြလေ၏။

ထိုအချိန်မှာ မာလိန်မှူးစိန်အုပ်တစ်ယောက်သာ လက်ခုပ်လက်ဝါးတီးခြင်းမရှိဘဲ ငြိမ်သက်စွာ ရှိနေလေ၏။

မာလိန်မှူးစိန်အုပ်သည် ကျွန်ုပ်တို့ လူစုနှင့် သင်္ဘောသားများ ရင်းနှီးကျွမ်းဝင်ခြင်းကို နှစ်သက် ဟန်မရှိချေ။ ဤသို့ဖြင့် ကျွန်ုပ်တို့ လူစုသည် မိုက်ကန်းသော သင်္ဘောသားများကို ဦးဆောင်၍ ပင်လယ်ခရီးထွက်ရန် အသင့်ပြင်ဆင်ရလေ၏။

××××××××××

# အခန်း (၃)

ကျွန်ုပ်တို့ သင်္ဘောမှာ ရွက်သုံးတိုင်ပါရှိပြီး ဆောက်လုပ်ပြီးသည် မှာ မကြာသေးသဖြင့် အကောင်းပကတိအတိုင်းရှိလေ၏။

သင်္ဘောပေါ်၌ ပါရှိသော ရွက်တိုင်၊ မျှော်စင်၊ ကြိုးခွေ၊ ကျောက်ဆူး စသည့်ကိရိယာများလည်း သစ်လွင်ဆဲပင်ရှိသေး၏။ ကျွန်ုပ်တို့သည် သင်္ဘောပေါ်၌ ပါရှိသော လက်နက်ကိရိယာများနှင့် စားနပ်ရိက္ခာများကို စစ်ဆေးပြီးနောက် ကျောက်ဆူး၊ ရွက်တိုင်နှင့် ရွက်များ၊ ဓာတ်မီးအိမ်များကို စစ်ဆေးရပြန်၏။

ထိုပစ္စည်းများ အားလုံး အသင့်ဖြစ်သောအခါ သင်္ဘောကို ဆက်လက်ထွက်ခဲ့လေတော့၏။ သင်္ဘောထွက်ခါနီး ၌ မာလိန်မှူးစိန်အုပ်က ကျွန်ုပ်တို့လူစုရှိရာသို့ ရောက်ရှိလာပြီး

"ကျုပ်တော့ မတတ်သာလို့သာ ဒီလူတွေနဲ့ ခရီးထွက်ရတာ ဗျို့၊ ပင်လယ်ထဲမှာ မုန်တိုင်းမိရင် သူတို့ကို ခိုင်းမရမှာစိုးရိမ်တယ်"

ဟု ညည်းညူလေရာ ဦးတာတေက

"သူတို့ အသက်အန္တရာယ်နဲ့ ကြုံလာရင် အလိုလို ခိုင်းလို့ကောင်းလာပါလိမ့်မယ်၊ လူတိုင်းသေရမှာ ကြောက်တဲ့သတ္တဝါပဲ"

ဟု ပြောလေ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့ သင်္ဘောသည် တောင်ဘက်စူးစူးသို့ ဦးလှည့်ကာ ရွက်ကုန်ဖွင့်၍ ထွက်ခဲ့လေ၏။ပထမရက်တွင် လှိုင်းလေငြိမ်သက်ပြီး လေကောင်းစွာမရသဖြင့် ခရီးမတွင်ဘဲ ရှိနေ၏။

သို့သော် ထိုညနေမှာပင် မိုးကောင်းကင်တစ်ခုလုံး

မှောင်မည်းတက်လာပြီး လေကြီးမိုးကြီး တိုက်ခတ်ကာ လှိုင်းလုံးကြီးများ ကြီးမားလာသဖြင့် မာလိန်မှူးစိန်အုပ်သည် ရွက်များကိုချခိုင်းပြီး သင်္ဘောကို ကြိုးစားထိန်းကျောင်းနေရလေ၏။

ကျွန်ုပ်သည် ပင်လယ်ပြင်၌ မုန်တိုင်းထန်ခြင်းကို မကြုံဖူးသဖြင့် အလွန်စိတ်လှုပ်ရှားနေမိ၏။ အသက်အန္တရာယ်ကြုံရမည်ဟုထင်မိ၏။

ဦးထိပ်သီးက သင်္ဘောနံရံကို လက်ဖြင့်မှီရင်း

"ဘယ်လိုလဲ ကျော်စွာ၊ မင်းကြောက်နေပြီလား၊ မကြောက်ပါနဲ့ကွာ"

ဟု အားပေးစကားပြောလေ၏။ ဦးတာတေက အလွန်ကြီးမားလှသော လှိုင်းလုံးကြီးများကို ကြည့်၍

"မုန်တိုင်းက တော်တော်ပြင်းထန်တယ်ကွ၊ ဒါပေမယ့် ငါ့အတွေ့အကြုံအရ ဒီမုန်တိုင်းက နာရီပိုင်းအတွင်းမှာပဲ ရပ်စဲသွားမှာပဲ"

ဟု ပြောလေ၏။ ဦးတာတေ စကားမှန်ကန်၏။ မုန်တိုင်းတိုက်ခိုက်ပြီး ငါးနာရီကြာသောအခါ လှိုင်းလုံးများ ငြိမ်သက်ပြီး ပြီးဆုံးသွားလေ၏။

ထိုအခါမှပင် ကျွန်ုပ်၏ ရင်ထဲတွင် ဖြစ်ပေါ်နေသော ထိတ်လန့်တုန်လှုပ်မှုများ ပျောက်ကွယ်သွား လေ၏။ မုန်တိုင်းသည် ပြင်းထန်လွန်းသဖြင့် သင်္ဘောပေါ်တွင်လိုက်ပါလာသော သင်္ဘောသားများပင် ထိတ်လန့်တုန်လှုပ်နေပုံရ၏ ။

ကျွန်ုပ်သည် ခေါင်းမူးပြီး အော့အန်ကာ ပင်လယ်ပြင်၌ ဖြောင်းဆန်နေသော သင်္ဘောပေါ်၌ လိုက်ပါရသဖြင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏။ ထိုအခါ အနီးသို့ ဦးတာတေရောက်လာပြီး ရမ်အရက်ပုလင်းကို ကမ်းပေးကာ

"နည်းနည်းသောက်လိုက်ကွာ၊ သက်သာသွားမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် အရက်ကို သောက်လေ့မရှိသော်လည်း သူ့အရပ်နှင့် သူ့ဓာတ်ဟု သဘောထားကာ ရမ်အရက်ကို တစ်ငုံမျှ သောက်လိုက်ရ၏။ နံနက်အရုဏ်တက်ချိန်သို့ ရောက်ရှိနေပြီး ပင်လယ်ပြင်တစ်ခုလုံး လှိုင်းလေငြိမ်သက်နေလေ၏။

ထိုအခါမှပင် သင်္ဘောသားများ အလှည့်ဖြင့် အနားယူကြရလေ၏။ ကျွန်ုပ်ရင်ထဲရှိ လှိုင်းမူးသော ဝေဒနာများလည်း အတော်အတန် သက်သာသွား၏။

ကျွန်ုပ်တို့လူစုသည် အခန်းထဲရှိ ရွက်ဖျင်ခုတင်အသီးသီး၌ ခေတ္တမျှအနားရကြလေ၏။ ကျွန်ုပ်က ရွက်ဖျင်ခုတင်ပေါ်၌ လှဲရင်းဦးထိပ်သီးကို လှည့်၍

"ပင်လယ်ဓားပြဘဝမှာတုန်းက ဘယ်လိုသင်္ဘောတွေကို ဓားပြတိုက်ခဲ့တာလဲ"

ဟု မေးမြန်းလေရာ ဦးထိပ်သီးက

"ငါတို့အဖွဲ့ ပင်လယ်ဓားပြပေမယ့် စည်းကမ်းရှိတယ်ကွ၊ ကိုယ့်မြန်မာသင်္ဘောအချင်းချင်း တတ်နိုင်သမျှ တိုက်လေ့မရှိဘူး၊ ငါတို့အများဆုံးတိုက်ဖြစ်တာက ပသျှူးကျွန်းဆွယ်ဘက်ကလာတဲ့ သင်္ဘောတွေကွ၊ ဒီသင်္ဘောတွေမှာ ငရုပ်ကောင်း၊ လေးညှင်း၊ ဖာလာလို ပစ္စည်းတွေ သယ်လာတာများတယ်၊ နောက်ပြီးတော့ တို့မြန်မာပြည်ဘက်က ပုလဲလို ရတနာတွေကို ပြန်သယ်သွားကြတယ်၊ ပသျှူးလှေတွေက ငွေကြေးချမ်းသာ တောင့်တင်းကြတယ်၊ ပုလဲတွေ ဝယ်ဖို့လာပြီဆိုရင် ငါတို့စီးပြီး တိုက်ခိုက်တော့တာပဲ၊ ပသျှူးကုန်သည်တွေဟာ ငါတို့မြန်မာတိုင်းရင်းသားတွေကို ခေါင်းပုံဖြတ် အမြတ်ထုတ်ပြီး ကြီးပွားချမ်းသာနေကြတာကွ၊ သူတို့ဟာ အလွန်ရိုးသားတဲ့ ဆလုံတိုင်းရင်းသားတွေဆီက အဖိုးတန်ပုလဲတွေကို အဖိုးမတန်တဲ့ အိုးခွက်ပန်းကန်တွေနဲ့ လဲလှယ်ကြတယ်ကွ၊ နောက်ပြီး တော့

တစ်ကျွန်းအကျဉ်းသားတွေ ထားရှိတဲ့ အက်ဒမန်ကျွန်းကနေ ပုလဲတွေကို ဈေးနှိမ်ပြီးဝယ်ကြ တယ်၊ ပုလဲတွေတင်မကဘူး ငှက်သိုက်လို အဖိုးတန်ပစ္စည်းတွေကိုလည်း ဝယ်ယူကြတယ်၊ သူတို့ဟာ ငါတို့ရဲ့ သားကောင်တွေဘဲ"

ဟု ပြောလေ၏။ ဦးတာတေက ဝင်ရောက်၍

"မင်းကို ပြောရင်းနဲ့ ငါတို့ပင်လယ်ထွက်ခဲ့တာ ပြန်ပြီး သတိရတယ်ကွာ၊ ကပ္ပတိန်က သင်္ဘောဦး ကိုသွားပြီး အရက်အိုးလေးတစ်အိုးကိုသောက်တယ်၊ အရက်သောက်ပြီးတာနဲ့ သေနတ်ကို မိုးပေါ်ထောင်ပြီး ဒိုင်းခနဲပစ်တယ် ပြီးတော့မှ ပင်လယ် ဓားပြသင်္ဘော စပြီးထွက်တယ်"

ဟု ပြောဆိုလေ၏။ ကျွန်ုပ်သည် ပင်လယ်ဓားပြကြီးနှစ်ဦး၏ စကားများကို စိတ်ဝင်စားစွာ နားထောင်နေပြီးနောက်

"ဦးလေးတို့ ပင်လယ်ဓားပြဘဝမှာ လူတွေသတ်တာလဲ ရှိမှာပဲနော်"

ဟု မေးမြန်းလေ၏။ ဦးတာတေက ရွက်ဖျင်ခုတင်၌ အိပ်စက်နေရာမှ ထ၍

"ပင်လယ်ဓားပြတိုင်း လူမသတ်ပါဘူးကွာ၊ သင်္ဘောတစ်စီးလုံးမှာရှိတဲ့ ပစ္စည်းဥစ္စာအားလုံးကို သိမ်းပိုက်ပြီး လူတွေကို သတ်တာဟာ ရက်စက်တဲ့ ပင်လယ်ဓားပြတွေပါကွာ၊ ငါတို့ ပင်လယ်ဓားပြ ဘဝတုန်းက ခြိမ်းခြောက်ရုံကလွဲလို့ ကိုယ့်ကို မခုခံတဲ့လူကို အသက်အန္တရာယ်မပြုပါဘူး၊ ဒါပေမယ့် ပင်လယ်ဓားပြတိုင်းကတော့ ငါတို့လို မဟုတ်ဘူးကွ"

ဟု ပြောလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"ဦးလေးတို့က ဘာဖြစ်လို့ ကုန်းပေါ်မှာ ဓားပြမလုပ်ဘဲ ပင်လယ်ထဲမှာ ဓားပြလုပ်တာလဲ"

ဟု မေးမြန်းလေ၏ ။ ထိုအခါ ဦးထိပ်သီးက

"ဒါကတော့ ကျွမ်းကျင်ရာ လိမ္မာပေ့ါကွာ၊ ကုန်းပေါ်မှာ ဓားပြလုပ်တာထက် ပင်လယ်ထဲမှာ ဓားပြလုပ်တာ ပိုပြီးတော့ စွန့်စားရတာ အမှန်ဘဲ၊ ပင်လယ်ဓားပြဆိုရင် အရက်စည်ကြီးပေါ်မှာ ခြေထောက်တစ်ဖက်ကိုတင်ပြီး ခြောက်လုံးပြူးသေနတ်ကို တဒိုင်းဒိုင်း ပစ်နေတယ်လို့ ထင်ကြတယ်၊ တကယ်တော့ ပင်လယ်ဓားပြစစ်စစ်တွေက အချင်းချင်းအလွန်သစ္စာ ရှိကြတယ်၊ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်မှာ ဘေးအန္တရာယ် အလွန်များတယ်၊ သစ္စာမရှိလို့လည်း မဖြစ်ဘူးကွ၊ တစ်ဦးနဲ့ တစ်ဦး အသက်ပေးပြီး ယုံကြည်ကြရတယ်၊ တစ်ခါတစ်ရံ ပင်လယ်ဓားပြ အချင်းချင်း တိုက်ပွဲဖြစ်တာလဲရှိတယ်၊ ဒီအချိန်မှာ စွမ်းရည်သတ္တိရှိဖို့လိုတယ်၊ လူတွေဟာ ပင်လယ်ပြင်မှာ ဓားလှံလက်နက်ကိုင်ပြီး ဓားပြတိုက် မှ ပင်လယ်ဓားပြလို့ဆိုကြတယ်၊ တကယ်တော့ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီကြီးဟာ ပင်လယ်ဓားပြ အကြီးစားပါပဲ၊ ဒီနေ့ နေမဝင်အင်ပါယာလို့ တင်စားခေါ်ဝေါ်ကြတဲ့ ဗြိတိသျှ အင်ပါယာကြီးဟာ ပင်လယ်ဓား ပြတွေရဲ့ စွမ်းပကားနဲ့ တည်ဆောက်ထားတာပါ၊ ကိုလိုနီ နယ်ချဲ့ခြင်းဟာ ပင်လယ်ဓားပြလုပ်ရပ်နဲ့ ဘာမှမကွာပါဘူး၊ ဒါတွေကို ပြောရင် အရှည်ကြီးပါကွာ၊ ငါဒီလိုပြောနေတာဟာ ပင်လယ်ဓားပြ လုပ်ရပ် ကို ချီးမွမ်းခန်းဖွင့်နေတာ မဟုတ်ဘူးကွ၊ တကယ်တော့ ဘုရားမကြိုက်တဲ့ အလုပ်ကိုမလုပ်တာ အကောင်းဆုံးပါ၊ ဒါကြောင့်လဲ အချိန်တန်တော့ နောင်တတရားရပြီး ပင်လယ်ဓားပြအလုပ်ကို စွန့်ခွာလာခဲ့ကြတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ဦးထိပ်သီး၏ စကားကို စိတ်ဝင်စားသွားပြီး

"ပင်လယ်ဓားပြဘဝကို စွန့်ခွာဖြစ်ခဲ့ပုံလေးကို ပြောပါဦး"

ဟု မေးမြန်းခဲ့၏ ။ ထိုအခါ ဦးတာတေက ဝင်ရောက်ပြောဆိုလေ၏ ။ ဦးတာတေက အရက်ကို တစ်ငုံသောက်လိုက်ပြီး

"ပင်လယ်ဓားပြဘဝကို စွန့်ခွာလာတဲ့ အကြောင်းတရားရှိတယ်ကွ၊ ငါတို့ ပင်လယ်ဓားပြအဖွဲ့ရဲ့ ခေါင်းဆောင်က မင်းရဲ့အဖေပဲ၊ အဲဒီ တုန်းက မင်းအဖေနဲ့ ငါတို့ကတစ်ဖွဲ့ တခြားပင်လယ်ဓားပြတွေက တစ်ဖွဲ့ သဘောထားကွဲလွဲကြတယ်၊ မင်းအဖေနဲ့ ငါတို့ရဲ့သဘောက မြန်မာသင်္ဘောတွေကို တတ်နိုင်သမျှ မတိုက်ဘူး၊ ပသျှူးသင်္ဘောတွေနဲ့ အခြားနိုင်ငံခြားသင်္ဘောတွေကိုပဲ တိုက်ဖို့ ကြံစည် တယ်၊ သူတို့က ပင်လယ်ဓားပြဖြစ်မှ ပင်လယ်ဓားပြလိုပဲကျင့်ကြံမယ်၊ ပင်လယ်ပြင်မှာ တိုက်လို့ရသမျှ အကုန်တိုက်မယ်လို့ ဆိုကြတယ်၊ နောက်ဆုံးတော့ သဘောထားကွဲလွဲရာက ကိုယ်ထိလက်ရောက် အသက်လုပြီးတိုက်ခိုက်တဲ့ ဘဝကို ရောက်သွားတယ်၊ ဒီတိုက်ပွဲမှာ ငါတို့ဘက်က အနိုင်ရခဲ့တယ်၊ ရှုံးတဲ့သူတွေကို သင်္ဘောပေါ်ကနေ ပင်လယ်ထဲကို ဆင်းခိုင်းဖို့ ကြံစည်နေတုန်း အလွန်ကြောက်စရာ ကောင်းတဲ့ မုန်တိုင်းနဲ့ ကြုံတွေ့ခဲ့ရတယ်၊ မုန်တိုင်းကြောင့် သင်္ဘော နစ်မြုပ်ပြီး မင်းအဖေလဲ အသက်ဆုံး ရှုံးခဲ့ရတယ်၊ မုန်တိုင်းရဲ့ဘေးက ငါတို့နှစ်ယောက်ပဲ လွတ်မြောက်ခဲ့တယ်၊ ဒီအချိန်ကစပြီး ပင်လယ်ဓားပြ ဘဝကို စွန့်လွှတ်ပြီး ကုန်းပေါ်မှာ ကောင်းရောင်းကောင်းဝယ်လုပ်စားခဲ့တယ်၊ ပင်လယ်ဓားပြဘဝက ရတဲ့ပုလဲတွေကို ထုခွဲ ရောင်းချပြီး စီးပွားရေးလုပ်ကိုင်စားသောက်ပြီး ငါက ကြွယ်ဝချမ်းသာပြီး သဌေးကြီးဖြစ်ခဲ့တယ်၊ အသုံးအဖြုန်းကြီးတဲ့ တေလေဆိုတဲ့ ကောင်ကတော့ လူမိုက်နဲ့ငွေ အတူမနေဆို တဲ့ စကားရှိတဲ့အတိုင်း သူ့မှာ ပါတဲ့ငွေတွေ လုံးပါးပါးပြီး တောင်းစား ရတဲ့ဘဝကိုရောက်ခဲ့တယ်၊ နောက်ဆုံးမှာ နေစရာနေရာတောင်မရှိလို့ ဇရပ်မှာ သွားနေရတယ်"

ဟု ပြောလေရာ ဦးတာတေက မကျေမချမ်းဖြင့်

"ဟေ့ကောင် မင်းငါ့ကို မဟုတ်တာ မပြောနဲ့နော်၊ ငါက ဒီကောင်လို အတ္တကြီးတဲ့ကောင်မဟုတ် ဘူး၊ ငါပင်လယ်ဓားပြဘဝကရခဲ့တဲ့ပုလဲတွေကို ထုခွဲရောင်းချပြီးတော့ ပရဟိတ လုပ်ငန်းတွေမှာ လှူဒါန်းခဲ့တယ်၊ မိဘမဲ့ ကလေးတွေကို ကူညီစောင့်ရှောက်ခဲ့တယ်၊ အခုလည်း မိဘမဲ့ကလေးပေါင်းကြ၍ ။

ထိုအခိုက်မှာပင် ၄င်းတို့လူစု၏ အနီးသို့ မာလိန်မှူးစိန်အုပ် ရောက်ရှိလာပြီး စိတ်ပျက်လက်ပျက် အမူအရာဖြင့်

"ကျုပ်တို့ သင်္ဘောတော့ မုန်တိုင်းကြောင့် လမ်းကြောင်းလွဲသွားပြီ၊ ကပ္ပလီကျွန်းစုတွေဘက်ကို လမ်းလွဲသွားပြီ၊ ဒါကြောင့် ကျုပ်တို့ ခရီးလမ်းအချိန်တွေ ပိုကြာတော့မယ်"

ဟု ပြောလေ၏။ ဦးထိပ်သီးက လက်ကာပြ၍

"အချိန်ကြာတာ ပြဿနာမဟုတ်ဘူး၊ ကျုပ်တို့သွားချင်တဲ့ လမ်းကြောင်းကို တိတိကျကျ ရောက်ဖို့အရေးကြီးတယ်"

ဟု ပြောလေရာ မာလိန်မှူးစိတ်အုပ်က

"အက်ဒမန် ကျွန်းမှာ သင်္ဘောကို ခဏကပ်ပြီး မုန်တိုင်းကြောင့်ပြုပြင်စရာရှိတာ ပြုပြင်ချင်တယ်"

ဟု ပြောလေ၏။ မကြာမီ ကျွန်ုပ်တို့သင်္ဘောသည် ဗြိတိသျှ ကိုလိုနီ ကျွန်ပြုထားသော အက်ဒမန် ကျွန်းသို့ ရောက်ခဲ့၏။ ဗြိတိသျှကိုလိုနီ အက်ဒမန်ကျွန်း၌ အိန္ဒိယနှင့် မြန်မာနိုင်ငံရှိ တစ်ကွန်းပို့သောအ ကျဉ်းသားများကို ထားရှိလေ၏။ မာလိန်မှူးစိန်အုပ်နှင့် သင်္ဘောသားအချို့သည် မုန်တိုင်းကြောင့် ပျက်စီးသွားသော အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်နေလေ၏။

ကျွန်ုပ်သည် အချိန်ရှိသရွေ့ သင်္ဘောကုန်းပတ်ပေါ်၌ ထိုင်ကာ အက်ဒမန်ကျွန်းကြီးကို မှန်ပြောင်း ဖြင့် ကြည့်ရှုနေတတ်၏။ ထိုအခိုက်မှာပင် ကျွန်ုပ်အနီးသို့ ဦးတာတေ ရောက်ရှိလာပြီး

"မင်းမှန်ပြောင်းကြည့်နေတာ မြင်တော့ ငါ့ငယ်စဉ်က ပင်လယ်ဓားပြဘဝနဲ့ မြင်ခဲ့ဘူးတဲ့ ရေသူမကို သတိရတယ်"

ဟု ပြောလေရာ ကျွန်ုပ်သည် ရေသူမဆိုသဖြင့်

အလွန်စိတ်ဝင်စားသွားပြီ

"ဘာ . . . ရေသူမဆိုတာ တကယ်ရှိတယ် ဟုတ်သဘား ပြောပြစမ်းပါဦးဗျာ"

ဟု မေးမြန်းလိုက်ရာ ဦးတာတေက

"တစ်ခါတုန်းက ပင်လယ်ပြင်မှာ ရွက်လွှင့်ပြီး သွားနေတုန်း ကုန်းပေါ်က ကျောက်ဆောင်ပေါ်မှာ နေပူဆာလှုံနေတဲ့ ရေသူမကို ငါတွေ့ဖူးတယ်၊ ရေသူမဟာ ပေါ်ပိုင်းဟာ လူတစ်ယောက်နဲ့သဏ္ဍာန်တူပြီး အောက်ပိုင်းက ငါးတစ်ကောင်ရဲ့ကိုယ်ခန္ဓာအတိုင်းပဲကွ၊ ဒါပေမဲ့ အဲဒီ တုန်းက ရေသူမကို ငါကလွဲရင် ဘယ်သူမှမမြင်ကြဘူးကွ၊ ဒါကြောင့် ငါ့စကားကို သူတို့မယုံကြဘူး၊ အရက်မူးပြီး မျက်စိအမြင်မှားတယ် လို့ ယူဆကြတယ်၊ တကယ်တော့ ငါမျက်စိ အမြင်မမှားပါဘူးကွာ၊ ရေသူမမှ ရေသူမအစစ်ပါ၊ ငါတစ်သက်မှာ ဒီတစ်ကြိမ်ပဲ ရေသူမကို မြင်ဖူးတာပါ"

ဟု ပြောလေရာ ကျွန်ုပ်က ရယ်မော၍

"ဦးလေး အရက်မူးပြီး ကျောက်ဆောင်ပေါ်က လူကို ရေသူမနဲ့မှားတာ မဖြစ်နိုင်ဘူးလား"

ဟု နောက်ပြောင်လေ၏။ ဦးတာတေက ကျွန်ုပ်ကို မကျေမချမ်းကြည့်၍

"ခွေးကောင်လေး မင်းကို ပင်လယ်ပြင် ဗဟုသုတတွေကို ကြားဖူးအောင် ပြောပြနေတာ၊ မသိချင်ရင် ဆက်မပြောတော့ဘူး"

ဟု စိတ်ကောက်ချင်ဟန်ပြုလေရာ ကျွန်ုပ်က ပြန်လည် တောင်းပန်သောအခါမှပင် သူ့စကားကို ပြန်ဆက်လေ၏။ ဦးတာတေက

"ပင်လယ်ခရီးထွက်တဲ့ သင်္ဘောသားတွေအလွန်ကြောက်တဲ့ ပင်လယ်စုန်းဆိုတာရှိသေးတယ် ကွ၊ အဲဒီ ပင်လယ်စုန်းပေါ်လာပြီဆိုရင်

ပင်လယ်ပြင်မှာရှက်လွှင့်နေတဲ့ သင်္ဘောသားတွေ သေမတတ် ကြောက်ကြတယ်၊ ပင်လယ်စုန်းတွေကို မြင်လိုက်ရင် သင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ သင်္ဘောသားအချင်းချင်း စိတ်ရိုင်းတွေ ဝင်ပြီး တိုက်ခိုက်ကြတယ်လို့ အဆိုရှိတယ်၊ ပင်လယ်စုန်းဟာ ရွက်တိုင်ကို မီးစွဲလောင်တတ်တယ်၊ ရွက်တိုင်ကို မီးစွဲလောင်ရင် ရွက်တိုင်ကို အမြန်ဆုံးပုဆိန်နဲ့ ခုတ်ချရတယ်"

ဟု ပြောလေရာ ကျွန်ုပ်သည် ဦးတာတေ၏ စကားကို အလွန်စိတ်ဝင်စားသွားပြီး

"အဲဒီ ပင်လယ်စုန်းတွေက ပင်လယ်ပြင်မှာ ဘာကြောင့်ပေါ်လာရတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးတာတေက ခေါင်းခါယမ်း၍

"ပင်လယ်စုန်းတွေ ဘာကြောင့် ပေါ်လာရသလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးကွ၊ ပင်လယ်ပြင်မှာရှိတဲ့ နာနာဘာဝ တစ်မျိုးဖြစ်မယ် ထင်တယ်"

ဟု ပြောလေ၏။ ကျွန်ုပ်သည် တစ်သက်တွင် တစ်ကြိမ်မျှ မကြားဘူးသော အကြောင်းများ ကြောင့် အလွန်စိတ်ဝင်စားသွားပြီး

"ပင်လယ်ပြင်မှာလဲ နာနာဘာဝစုန်းကဝေတွေ ရှိတယ်ပေါ့"

ဟု မေးမြန်းလေ၏။ ဦးတာတေက သက်ပြင်းချ၍

"လောကမှာ ငါတို့ ဉာဏ်မမီတဲ့အကြောင်းအရာတွေ အများကြီးရှိတယ်ကွ၊ ငါတို့ ပင်လယ်ဓားပြ ဘဝတုန်းက ပင်လယ်ထဲမှာ ဖြတ်သန်းသွားတဲ့ ရှေးဟောင်းသင်္ဘောကြီးတစ်စီးကို မမျှော်လင့်ဘဲတွေ့ လိုက်ရတယ်ကွ၊ သင်္ဘောပေါ်မှာ ပါတဲ့လူတွေကိုတောင် ထင်ထင်ရှားရှား မြင်ရတယ် ၊ သူတို့အားလုံး ဝတ်စားထားတဲ့ ချပ်ဝတ်တန်ဆာတွေဟာ ရှေးဟောင်းစစ်သည်တော်တွေ ဝတ်စားထားတဲ့အတိုင်းပဲ၊ သင်္ဘောမှာ

တပ်ဆင်ထားတဲ့ အမြှောက်ကြီးက ၁၈ ရာစုက အမြှောက်ကြီးပဲ၊ ဒီရှေးဟောင်းသင်္ဘောကြီး ကို မြင်ရတာ ငါတစ်ယောက်တည်းမဟုတ်ဘူး၊ သင်္ဘောပေါ်မှာပါတဲ့ ပင်လယ်ဓားပြ တော်တော်များများ လဲ မြင်ရတယ်၊ ငါတို့အားလုံး ရှေးဟောင်းသင်္ဘောကြီးကို တအံ့တသြ စူးစိုက်ကြည့်နေတုန်း သင်္ဘောနှစ်စီးကြားမှာ မြူနှင်းတွေ ရုတ်တရက် ကျလာပြီး ရှေးဟောင်းသင်္ဘောကြီး ပျောက်ဆုံးသွား တယ်ကွာ၊ ဒီလိုဖြစ်ရပ်မျိုးတွေဟာ ငါတို့တင် မြင်ဖူးတာမဟုတ်ဘူး၊ ပင်လယ်ပြင်မှာ ထွက်နေတဲ့ သင်္ဘောသားတော်တော်များများလည်း မြင်တွေ့ဖူးကြတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ဦးတာတေ၏ စကားကို စိတ်ဝင်တစားနားထောင်၍

"ရှေးဟောင်းလှေကြီးကို လူတွေတော်တော်များများ တွေ့ကြတယ်၊ ရေသူမကိုတွေ့တယ်ဆိုတာ က ဦးလေးတစ်ယောက်တည်းနော်"

ဟု မေးမြန်းလေ၏ ။

ထိုအခါ ဦးတာတေက ရယ်မော၍

"မင်းက အရက်သောက်တတ်တဲ့ငါ့ကို မယုံဘူးဆိုပါတော့၊ အချို့သော သင်္ဘောသားတွေက ရေသူမတွေက ကျောက်ဆောင်ပေါ်ကနေ အလွန်သာယာနာပျော်ဖွယ်ကောင်းတဲ့ သီချင်းတွေကို သီဆိုပြီး ဖြားယောင်းသွေးဆောင်တတ်တယ်ဆိုတယ်ကွ၊ အချို့ကလဲ အလွန် ချောမောလှပတဲ့ ရေသူမဟာ လက်တစ်ဖက်က မှန်ကိုကိုင် ကျန်တစ်ဖက်က ရွှေဘီးကိုင်ပြီး ရှည်လျားတဲ့ဆံပင်တွေကို ဖီးသင်နေတာ မြင်ရတယ်ဆိုကြတယ်၊ အချို့ဆိုရင် ရေသူမက သူမရဲ့အနီးမှာ မော်ဦးထုတ်တစ်လုံးကို ဆောင်းထားပြီး သူတို့နှစ်သက်တဲ့ယောကျာ်းရဲ့ ခေါင်းမှာ ဆောင်းပေးတယ်လို့ပြောကြတယ်၊ မော်ဦးထုပ်အဆောင်းခံရတဲ့ယောကျာ်းဟာ ရေသူမနဲ့ ရေအောက်မှာ

အတူနေနိုင်တယ်လို့ တောင် ပြောကြတယ်၊ ရေသူမနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ငါ တစ်ယောက်တည်းပြောတာမဟုတ်ဘူးကွ"

ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က ဦးတာတေ၏ အမူအရာကိုကြည့်၍ ရယ်မောလိုက်ပြီး

"ကျုပ်က ကျီစားတာပါဗျာ၊ ဦးတာတေကို မယုံလို့ပြောနေတာမဟုတ်ပါဘူး"

ဟု ဆိုသောအခါမှပင် ဦးတာတေသည် သဘောကျပြီး ငြိမ်သက်သွားလေ၏ ။

ကျွန်ုပ်တို့သင်္ဘောသည် မုန်တိုင်းအတွင်း ပျက်စီးသွားသော အစိတ်အပိုင်းအချို့ကို ပြန်လည် ပြုပြင်ပြီး အက်ဒမန်ကျွန်းမှ ပြန်လည် ထွက်ခွာခဲ့လေ၏ ။

သင်္ဘောပြုပြင်နေစဉ် သင်္ဘောပေါ်၌ ပါရှိသော သင်္ဘောသားများသည် မာလိန်မှူးစိန်အုပ်နှင့် အဆင်ပြေခြင်းမရှိဘဲ မကြာခဏ ကတောက်ကဆဖြစ်ကြောင်းတွေ့ရ၏ ။

ဦးတာတေက ထိုအခြင်းအရာကို ကြည့်၍

"ငါမြင်ဖူးသမျှ သင်္ဘောသားတွေထဲမှာ ဒီကောင်တွေ အဆိုးဆုံးပဲကွ၊ သင်္ဘောသားတွေကလဲ မာလိန်မှူးကို အထင်မကြီးဘူး၊ မာလိန်မှူးကလည်း သင်္ဘောသားတွေကို လိုတာထက်ပိုပြီး ဖိနှိပ်ချုပ် ချယ်ချင်တယ်"

ဟုပြောလေ၏ ။

ထိုနေ့မှာပင် ကျွန်ုပ်တို့လူစုနှင့် မာလိန်မှူးစိန်အုပ်သည် ပင်လယ် ခရီးလမ်းအတွက် ဆွေးနွေး ကြလေ၏ ။

ဦးထိပ်သီးက မြေပုံကိုလက်ဖြင့်ထောက်၍

"ငါတို့ခရီးလမ်းက မုတ္တမပင်လယ်ကွေ့ကနေ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အထိ ရောက်နေပြီ၊ နောက်တော့ မုန်တိုင်းမိပြီး လမ်းကြောင်းလွဲသွားရာက အက်ဒမန်ကျွန်းပေါ်ကို မမျှော်လင့် ဘဲ ရောက်သွားတယ်၊ ရှေ့ဆက်ပြီးသွားရင် အက်ဒမန်ကျွန်းစုတွေ ဘက်ကိုရောက်မယ်၊ နောက်တော့ ဖရိုက်အငူဘက်ကိုတောင် ရောက်သွားတယ်၊ အဲဒီ ဘက်မှာ ရစ်ချီကျွန်း၊ ကိုးကိုးကျွန်းလို ကျွန်းစုလေး တွေ အများကြီးရှိသေးတယ်၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန် သင်္ဘောပြင်ဆင်ပြီးရင် ကျုပ်တို့ ရတနာသိုက်ရှာ ပုံတော်ခရီးဆက်ကြမယ်"

ဟုပြောလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်တို့သင်္ဘောသည် အက်ဒမန်ကျွန်းမှ ခွာခဲ့လေ၏ ။

သင်္ဘောကို ပင်လယ်ပြင်၌ နေ့တစ်ဝက်မျှ သွားလာပြီးနောက် အနီးရှိကျွန်းများသို့ကပ်၍ ခုတ်မောင်းစေ၏။

ထို့နောက် မြေပုံအညွှန်း၌ ပါရှိသောကျွန်းဟုတ်မဟုတ် စစ်ဆေးလေ၏။

ထိုအခါ ရတနာသိုက်မြေပုံအညွှန်း၌ ပါရှိသောကျွန်းကို အလွယ်တကူ ရှာမတွေ့ဘဲ ညဉ့်အချိန် သို့ရောက်သွား၍ ကျောက်ချ ရပ်နားလိုက်လေ၏။

ညစာစားပြီးနောက် ကျွန်ုပ်နှင့် ဦးထိပ်သီးတို့သည် ကုန်းပတ်၌ ထိုင်၍ ပင်လယ်ပြင် ဗဟုသုတ များကို ပြောဆိုနေကြစဉ် ရေပြင်၌ အရောင်တဝင်းဝင်းလက်နေသော အရာများရွေ့လျားနေသည်ကို မြင်သဖြင့် ကျွန်ုပ်က

"ရေထဲမှာ အရောင်တွေဝင်းလက်နေတယ်။ ဘာတွေလဲမသိဘူး"

ဟုတအံ့တသြအောက်ဟစ်လိုက်၏။

ဦးထိပ်သီးတို့နှစ်ဦးက အံ့သြဟန်မပြဘဲ

"ရေထဲမှာ မီးထွန်းသလို အရောင်တွေလင်းနေတာ ငါးအုပ်စုတွေ သွားလာနေတာကွ၊ အဲဒီ ငါးတွေမှာ ဖော့(စ်)ပရပ်ဓာတ် တွေရှိလို့ အလင်းရောင်တွေ ထွက်နေတယ"

ဟုပြောလေ၏။

ကျွန်ုပ်က ပင်လယ်ထဲ၌ မီးထွန်းထားသကဲ့သို့ လင်းလတ်နေသော ငါးအုပ်စုကိုကြည့်၍

"ပင်လယ်ပြင်မှာ မြင်သမျှဟာ အထူးအဆန်းတွေချည်းပါပဲဗျာ"

ဟုပြောလေ၏။ ထိုအခါ ဦးတာတေက

"ကမ႓ာပေါ်မှာ မြေပြင်ဧရိယာထက် ရေပြင်ဧရိယာက ပိုများတယ်၊ မြေပြင်မှာရှိတဲ့ ထူးဆန်းလျှို့ ဝှက်မှုတွေထက် ရေပြင်မှာရှိတဲ့ ထူးဆန်းလျှို့ဝှက်မှုတွေက အဆပေါင်းများစွာ ပိုများတယ်၊ ကမ႓ာပေါ်မှာ မြင်တွေ့ရတဲ့ အလှပဆုံးရှုခင်းတွေထက် လှပတဲ့အရာတွေ ပင်လယ်အောက်မှာရှုတယ်၊ ကမ႓ာပေါ်မှာရှိ တဲ့ အထူးဆန်းဆုံးသတ္တဝါတွေထက် ထူးဆန်းတဲ့ အမျိုးအမည်မသိတဲ့ သတ္တဝါတွေ ပင်လယ်အောက် မှာ ရှိတယ်၊ ဒါကြောင့်ပင်လယ်မှာ ရေသူမတွေတွေ့ရတယ်ဆိုတာ သိပ်ထူးဆန်းတဲ့အဖြစ်အပျက်တော့ မဟုတ်ဘူးကွ "

ဟု ရှင်းလင်းပြလေ၏။ ကျွန်ုပ်က ရေနွေးကြမ်းသောက်နေသော ဦးထိပ်သီးဘက်သို့လှည့်၍

"ပင်လယ်ဓားပြကြီးရဲ့ ရတနာသိုက် အခြေအနေဘယ်လိုရှိသလဲ"

ဟုမေးမြန်းလေ၏။ ထိုအခါ ဦးထိပ်သီးက သက်ပြင်းချ၍

"ဖရိုက်အငူဘက်ကနေကြည့်ရင် ကိုကိုးကျွန်း၊ ရစ်ချီကျွန်းဆိုပြီး ကျွန်းငယ်လေးတွေ အများကြီး ရှိနေတယ်၊ ပင်လယ်ဓားပြကြီးမိုးကြိုးဟာ

သူရဲ့ရတနာသိုက်ကို လောင်ဂျီတွဒ်၊ လတ္တီတွဒ်နဲ့ တကျတဲ့ မြေပုံညွှန်း ရေးဆွဲမထားဘူး၊ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင် ရတနာသိုက်မြှုပ်နှံထားတဲ့ကျွန်းကို တိတိကျကျ မှတ်မိနေလို့ဖြစ်မယ်၊ ငါတို့လို ရတနာသိုက်မုဆိုးတွေကတော့ ကျွန်းရဲ့မြေပုံကို တိတိကျကျ ရေးဆွဲမထားတဲ့အတွက် အခက်တွေ့တာပေါ့ကွာ၊ နောက်ဆုံး ရတနာသိုက်ကို ဘယ်လိုမှ ရှာမရရင် ကိုကိုးကျွန်းဘက်ကိုပြန်သွားပြီး တွေ့သမျှ ကျွန်းတွေကို အသေးစိတ်ပြန်ရှာရမှာပဲ၊ ကျွန်းတွေ မှာ လူမနေတဲ့ ကျွန်းတွေအများကြီးရှိသေးတယ်၊ ဘာပဲဖြစ်ဖြစ် ရတနာသိုက်ကို မတွေ့တွေ့အောင် ရှာရ မယ်"

ဟုပြောလေ၏ ။

ဦးထိပ်သီးတို့သည် ရတနာသိုက်ရှိရာကျွန်းကို လွယ်လွယ်ကူကူ ရှာဖွေမရသော်လည်း စိတ်ဓာတ်ကျပုံမရချေ။

ကျွန့်ပ်တို့သည် ရစ်ချီကျွန်းစုများအနီး၌ လှည့်လည်၍ မြေပုံကိုကြည့်ကာ တိုက်ဆိုင်စစ်ဆေးလေ ၏ ။

ထိုသို့ ပင်လယ်ပြင်၌ ရက်ရှည်ကြာသောအခါ ကျားကြီးဦးဆောင်သော သင်္ဘောသားတစ်စု သည် မကျေနပ်သောအမူအရာများကို ပြသလေသည်။ ကျားကြီးသည် သင်္ဘောသားအချို့ကို စုစည်း၍

"ပင်လယ်ထဲက ကျွန်းတွေကိုလှည့်နေရတာ ရက်တွေကြာနေပြီ၊ ဘာအဓိပ္ပာယ်ရှိသလဲ၊ သင်္ဘောသားတွေက စွန့်စွန့်စားစား ပင်လယ်ခရီးသွားချင်တယ်၊ ကျွန်းတွေကြားမှာ ခေါင်း နောက်အောင်သင်္ဘောတစ်စီးနဲ့ လှည့်ပတ်မနေချင်တော့ ဘူးကွ၊ ငါတို့သင်္ဘောက သုတေသနလုပ်တဲ့ သင်္ဘောမဟုတ်ဘူး၊ မင်းတို့ ငါ့စကားကို သဘောတူသလား"

ဟု မေးမြန်းလေရာ သင်္ဘောသားအချို့က ကျားကြီး၏ စကားကို

ထောက်ခံကြလေ၏။

ထိုအခါ ကျားကြီးက

"ဒါတွေအားလုံးဟာ မာလိန်မှူးစိတ်အုပ် အသုံးမကျလို့ဖြစ်တာကွ၊ သူ့စကားကို နားထောင်မိလို့ ငါတို့အားလုံး မဖြစ်စလောက်ပိုက်ဆံလေးနဲ့ ပင်လယ်ပြင်မှာ အူကြောင်ကြောင်ဘဝကို ရောက်ရတာ "

ဟု ပြောလေ၏။ ထိုအခါ သင်္ဘောသားတစ်ဦးက

"ဟိုလူကြီးတွေ ရှာနေတဲ့ ရတနာသိုက်ဆိုတာက ဘယ်လိုလဲ"

ဟုမေးမြန်းလေ၏။ ထိုအခါ ကျားကြီးက မျက်နှာရှုံ့မဲ့၍

"သူတို့ရဲ့မြေပုံက အတုကြီးကွ၊ ဒါကြောင့် ပင်လယ်ထဲမှာလည်ပြီး ဟိုမရောက် သည်မရောက် ဖြစ်နေတာ၊ ဒီမှာ ငါတို့ပင်လယ်မှာ ကျင်လည်နေတာ အံ့တိုနေပြီ၊ ပင်လယ်ဓားပြကြီးမိုးကြိုးရဲ့ ရတနာ သိုက်ဆိုတာ နားမဆံအောင် ကြားဖူးတယ်၊ ဒါပေမဲ့ နောက်ဆုံးမှာ အတုတွေချည်းပါပဲ၊ ဒီတော့ မာလိန်မှူးစိန်အုပ်နဲ့ ငါတို့လူစု ထိပ်တိုက်ရှင်းရမဲ့ အချိန်ကိုရောက်တော့မယ်"

ဟု ကြုံးဝါးလေ၏။ ကျွန်ုပ်သည် ၄င်းတို့တိုင်ပင်နေသော အကြောင်းကို တိတ်တခိုးနားထောင် ပြီး ဦးထိပ်သီးကို ပြန်လည်ပြောဆို၏။ ဦးထိပ်သီးက မျက်မှောင်ကြုတ်၍

"သင်္ဘောသားတွေကို ငါတို့စိတ်ကြိုက်မရွေးခဲ့မိတာ သိပ်မှားတယ်"

ဟု ရေရွတ်လေ၏။ ဦးတာတေက သက်ပြင်းချ၍

"ကျုပ်တို့ရဲ့ ရတနာသိုက်ရှာဖွေတဲ့ကိစ္စဟာလဲ တစ်ဝက်တစ်ပျက်ဖြစ်နေတော့ ဒီကောင်တွေကို ပြန်လွှတ်လို့မဖြစ်ဘူး၊ မာလိန်မှူးစိန်အုပ်ကလဲ သင်္ဘောသားတွေကို မနိုင်ဘူး၊ ဒီကောင်တွေရဲ့ အခြေအနေကို ငါတို့မျက်ခြေမပြတ် အကဲခတ်ဖို့လိုနေပြီ"

ဟုပြောလေ၏ ။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် သင်္ဘောကုန်းပတ်ပေါ်ရှိ ပန်းသီးများထည့်ထားရာ သစ်သား စည်ကြီးရှိရာသို့သွားပြီး ပန်းသီးစားရန် ရှာဖွေလေ၏ ။

ပင်လယ်ပြင်၌ သင်္ဘောခရီးထွက်သောအခါ ဟင်းသီးဟင်းရွက်များကို မစားရသဖြင့် အာဟာရ ချို့တဲ့သောဝေဒနာကို သင်္ဘောသားများ ခံစားရ၏ ။

ထို့ကြောင့် ဦးထိပ်သီး၏ အစီအစဉ်ဖြင့် သင်္ဘောပေါ်၌ ပန်းသီးအမြောက်အမြားကို သစ်သားစည် ကြီးနှင့် ထည့်၍ တင်ဆောင်လာ၏ ။

ကျွန်ုပ်သည် ပန်းသီးထည့်သောစည်ထဲသို့ ငုံ့ကြည့်လိုက်သောအခါ ပန်းသီးအနည်းငယ်သာ ကျန်ရှိကြောင်းတွေ့ရ၏ ။

ကျွန်ုပ်သည် သစ်သားစည်ကြီးထဲရှိ ပန်းသီးတစ်လုံးကို ယူ၍ စည်အနီး၌ ထိုင်ပြီးစားလေ၏ ။

ကျွန်ုပ်သည် ပန်းသီးစားပြီးနောက် ဗိုက်ထဲတွင် လေးလံလာပြီး သစ်သားစည်ကို မှီ၍ အိပ်ပျော် သွားလေ၏ ။

ထိုအခိုက်မှာပင် ကျွန်ုပ်မှီ၍ အိပ်ပျော်နေသော ပန်းသီးစည်ကြီး၏ တစ်ဖက်သို့ လူတစ်ယောက်မှီ ပြီး ထိုင်လိုက်သောကြောင့် ကျွန်ုပ် အိပ်ရာမှ လန့်နိုးလာ၏ ။

သစ်သားစည်ကြီး၏ တစ်ဖက်မှ ကျားကြီး၏ အသံကို ကြားရ၏ ။

"ငါတော့ သည်းမခံနိုင်တော့ဘူး၊ အခွင့်သာရင် မာလိန်မှူးစိန်အုပ်ကို သတ်ပြီး သူ့ရဲ့မာလိန်မှူး နေရာကို ငါလုယူတော့မယ်"

ဟုပြောသောအသံကို ကြားရ၏ ။ ထိုအခါ ကျားကြီးနှင့် စကားပြောဆိုနေသော သင်္ဘောသားက

"သဘော်သားတွေက ခင်ဗျားရဲ့အကြံကို လက်ခံပ့ါမလား"

ဟုမေးမြန်းသံကို ကြားရ၏။

ထိုအခါ ကျားကြီးကလက်သီးဆုပ်၍

"သဘော်သားတစ်ဝက်လောက်က ကပ္ပတိန်စိန်အုပ်ကို မကျေနပ်ကြဘူး၊ ပင်လယ်ဓားပြ အဖိုး ကြီးတွေဆီက ရမဲ့ရတနာတွေကိုမက်ပြီး သဘော်သားတွေကို နှိမ်နေတယ်လို့ ယူဆကြတယ်၊ ပင်လယ်ဓားပြတွေက ရတနာသိုက်ကိုတွေ့ရင် ကပ္ပတန်စိန်အုပ်ကို ဝေစုများများပေးမယ်ဆိုပြီး စည်းရုံး ထားပုံရတယ်ကွ"

ဟုပြောလေရာ ကျန်သဘော်သားတစ်ဦးက

"ကပ္ပတိန်စိန်အုပ်ကို တော်လှန်မယ်ဆိုရင် ပင်လယ်ဓားပြတွေကရော ကျေနပ်ကြမလား၊ ဒီလူကြီးတွေက အသက်ကြီးပေမဲ့ အထိုးအကြိတ် အင်မတန်ကောင်းတယ်နော်၊ ခင်ဗျားကိုတောင် ဆော်လိုက်တာ မှတ်မိတယ်မဟုတ်လား"

ဟု ပြောလေ၏။ ထိုအခါ ကျားကြီးက တက်ခေါက်၍

"ပင်လယ်ဓားပြအဖိုးကြီးတွေ ငါတို့ကို မလှန်ရဲပါဘူးကွာ၊ ငါတို့မရှိရင် သူတို့ရဲ့ ရတနာသိုက်ရှာ မယ့်လမ်းကို သွားလို့မရတော့ဘူး၊ ဒါကြောင့် ကပ္ပတိန်စိန်အုပ်မရှိရင်လဲ ငါတို့နဲ့ဆက်ပြီး ပင်လယ်ခရီး ဆက်ကြဦးမှာပဲ၊ ဒီလူကြီးတွေ မကျေနပ်ရင်လဲ ငါတို့ကအများပဲ၊ သူတို့က အားလုံးပေါင်းမှ သုံးယောက် တည်းရှိတယ်၊ အခြေအနေ မဟန်ဘူးဆိုရင် လူကြီးနှစ်ယောက်နဲ့ လိုက်လာတဲ့ ကောင်လေးကိုဖမ်းပြီး ဓားစာခံလုပ်ရမယ်"

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားကြလေ၏။ ကျွန်ုပ်သည် ကျားကြီးတို့ လူစု၏ ယုတ်မာ သောအကြံအစည်ကို မမျှော်လင့်ဘဲ သိခွင့်ရလိုက်၏။ ကျားကြီးတို့သည် မာလိန်မှူးစိန်အုပ်အား ဖြုတ်ချပြီး သဘော်ကို အပိုင်စီးရန်

ကြံစည်နေ၏။

ကျွန်ုပ်သည် ထိုသတင်းအား ဦးထိပ်သီးတို့ကို တီးတိုးအသိပေးရ၏။ ဦးတာတေက သက်ပြင်းချ၍

"သင်္ဘောပေါ်မှာ အန္တရာယ်အလွန်များတဲ့အခြေအနေကိုရောက်နေပြီ၊ မာလိန်မှူးစိန်အုပ်ကိုလဲ သတိပေးရတော့မယ်"

ဟုပြောရင်း ကျွန်ုပ်၏ ပခုံးကိုပုတ်ကာ

"ကျော်စွာ၊ မင်းလဲ သတိထားပြီးနေကွာ၊ နောက်ဆိုရင် ငါတို့ မသိဘဲ ကုန်းပတ်ပေါ်ကို တက်မသွားနဲ့တော့၊ သူတို့က မင်းကိုဖမ်းပြီး ဓားစာခံလုပ်မဲ့အစီအစဉ်တောင် ရှိနေပြီ"

ဟုပြောလေရာ ကျွန်ုပ်က လက်သီးဆုပ်၍

"သူတို့ဓားစာခံလုပ်ရအောင် ကျုပ်က အရုပ်မဟုတ်ဘူးဗျ၊ အစွမ်းရှိသမျှ ပြန်ခုခံမှာပဲ"

ဟုပြောလိုက်လေ၏။

ဦးထိပ်သီးသည် မာလိန်မှူးစိန်အုပ်ကို ခေါ်၍ အန္တရာယ်ရှိနေပြီဖြစ်ကြောင်းအသိပေးလိုက်၏။

မာလိန်မှူးစိန်အုပ်သည် ဦးထိပ်သီး၏ စကားကြောင့် မျက်လုံးပြူးသွားပြီး

"ဒါကြောင့် ဒီကောင်တွေဟာ အမိန့်မနာခံတဲ့ လူရိုင်းတွေလို့ ကျုပ်ပြောတာပေါ့၊ ဘာပဲဖြစ်ဖြစ် သင်္ဘောပေါ်မှာ ပုန်ကန်မှုလုပ်ပြီး ကျုပ်ကိုဖြုတ်ချတော့မယ်ဆိုတာ သေချာသွားပြီ၊ ကျုပ်ရဲ့လက်နက် တွေကို အသင့်ပြင်ထားရတော့မယ်"

ဟုပြောကာ သူ၏ သေနတ်ကို ထိုအချိန်မှစ၍ ခါးကြား၌ ထိုးထားလေ၏

။

ဦးထိပ်သီးသည် ထိုနေ့ညနေသို့ရောက်သောအခါ သင်္ဘောသားများကို ကုန်းပတ်ပေါ်၌ စုဝေးစေပြီးနောက်

"ငါတို့ရဲ့ ရတနာရှာဖွေတဲ့အလုပ်ဟာ မကြာမီ အဆုံးသတ်ပြီး အောင်မြင်မှုရမယ်လို့ ငါယုံကြည် တယ်၊ မင်းတို့အားလုံး စိတ်မလျှော့ကြပါနဲ့၊ ဘဝမှာ ဘာပဲလုပ်လုပ် စိတ်ရှည်ရတယ်၊ အခက်အခဲတွေနဲ့ တွေ့ရင် စိတ်ရှည်သည်းခံဖို့ကာ အဓိကပဲ၊ နောက်ဆုံးမှာ အောင်မြင်မှုရမယ်လို့ ငါယုံကြည်တယ်၊ လောလောဆယ် ကြုံတွေ့နေရတဲ့ ငြီးငွေ့မှုတွေ ပြေပျောက်ဖို့အတွက် အနီးဆုံးကျွန်းတစ်ခုမှာ ခဏကပ် ပြီး ရပ်နားကြမယ်"

ဟုပြောလိုက်လေ၏။

သင်္ဘောသားအများစုသည် ကမ်းသို့ ခေတ္တကပ်ခွင့်ရမည်ဆိုသဖြင့် ပျော်ရွှင်သွားကြလေ၏။

ကျွန်ုပ်တို့ လိုက်ပါလာသော သင်္ဘောသည် နောက်တစ်နေ့နံနက်၌ အနီးဆုံးကမ်းတစ်ခုသို့ ကပ်ရန်အတွက် ပြင်ဆင်ကြလေ၏။

သင်္ဘောသားများသည် ကမ်းပေါ်၌ တီးရန်ဗုံများနှင့် အမဲလိုက်ရန် ဓားလှံလက်နက်များကို ပြင်ဆင်ကြလေ၏။

သို့သော် နောက်တစ်နေ့နံနက်၌ သင်္ဘောပုန်ကန်မှုကြီးနှင့် စတင် ကြုံတွေ့လိုက်ရလေ၏။

ကျွန်ုပ်တို့လူစုအနက် ကျွန်ုပ်က အိပ်ရာမှ ပထမဦးဆုံးနိုးပြီး ကုန်းပတ်ပေါ်သို့တက်လိုက်၏။

ထိုအခါ ကုန်းပတ်တစ်နေရာ၌ မာလိန်မှူးစိန်အုပ်၏ ဆိုးဝါးလှသော အခြေအနေကို တွေ့လိုက်ရ လေ၏။

မာလိန်မှူးစိန်အုပ်၏ လည်ပင်းကိုကြိုးနှင့်ချည်နှောင်ထားပြီး ဆွဲကြိုးချသတ်ရန် အသင့်ပြင်ဆင် ထားသော အနေအထားကိုတွေ့ရ၏။ မာလိန်မှူးစိန်အုပ်၏ ခြေထောက်ကို ခွေးခြေတစ်လုံးပေါ်၌ တင်ထားပြီး တစ်စုံတစ်ယောက်က ခွေးခြေကို တွန်းလှဲလိုက်သည်နှင့် မာလိန်မှူးအသက်ဆုံးရန်ရှိ၏။

မာလိန်မှူးစိန်အုပ်၏ အနီး၌ ဓားကိုင်သင်္ဘောသားနှစ်ယောက် စောင့်ကြည့်နေ၏။

ကျွန်ုပ်သည် မာလိန်မှူး၏ အခြေအနေကို ရိပ်စားမိသွားပြီး ကုန်းပတ်အောက်သို့ ပြန်ဆင်းကာ ဦးထိပ်သီးတို့ကို အိပ်ရာမှ နှိုးလိုက်၏။

ဦးထိပ်သီးတို့သည် ကမန်းကတန်း အိပ်ရာမှထ၍ ကုန်းပတ်ပေါ်သို့ တက်လေ၏။

ကုန်းပတ်ပေါ်သို့ရောက်သောအခါ ကျားကြီးတို့လူစုသည် မာလိန်မှူးစိန်အုပ်၏ အနီးသို့ရောက် နေပြီး ဆွဲကြိုးချသတ်ရန် အသင့်ရှိနေကြ၏။

ဦးထိပ်သီးက ထိုမြင်ကွင်းကိုကြည့်၍

"ဟေ့ကောင်ကျားကြီး မင်းဘယ်လိုလုပ်တာလဲ၊ မာလိန်မှူးကို ပြန်လွှတ်ပေးလိုက်စမ်း"

ဟုပြောလိုက်ရာ ကျားကြီးက မာလိန်မှူးစိန်အုပ်ကို မကျေမချမ်းကြည့်၍

"ဒီလူကို ကျုပ်ဘယ်လိုမှ သည်းမခံနိုင်လို့ အဆုံးစီရင်ဖို့ ဆုံးဖြတ်လိုက်တာပဲ၊ ကျုပ် သူ့ကို သင်္ဘောပေါ်မှာ အသက်ရှင်လျက် ဆက်မထားနိုင်တော့ဘူး၊ ခင်ဗျားတို့ ကျုပ်နဲ့ဆက်ပြီး ပင်လယ်ခရီး သွားလို့ရတယ်"

ဟုပြောလေ၏။

ဦးတာတေက ဝင်ရောက်၍

"မင်းတို့ဘာသာ ဘယ်လိုပဲ မကျေနပ်ချက်တွေရှိရှိ၊ ငါတို့ ရှိနေလျက်နဲ့ ဒီလိုရက်စက်မှုမျိုးတွေ မလုပ်ရဘူးကွ"

ဟုပြောလေရာ ကျားကြီးက ဦးတာတေ၏ စကားကို နားထောင်၍ တဟားဟားရယ်မောကာ

"ဟားဟားဟား . . . ခင်ဗျားတို့လို ပင်လယ်ဓားပြကြီးတွေက ရက်စက်တယ်ဆိုတဲ့ စကားကို သုံးတယ် ဟုတ်လား"

ဟုပြောလေ၏။ ထိုအခါ ဦးထိပ်သီးက ဝင်ရောက်၍

"ဟေ့ကောင် စကားမရှည်နဲ့ကွာ၊ မာလိန်မှူးကို ပြန်လွှတ်လိုက်"

ဟုအမိန့်ပေးလေ၏။

မာလိန်မှူးစိန်အုပ်သည် ဒေါသတကြီးဖြင့်

"ဟေ့ကောင် ငါ့ကိုအမြန်ပြန်လွှတ်"

ဟုအော်ဟစ်နေလေ၏။

ဦးတာတေသည် ဓားပြများကို သည်းမခံနိုင်တော့ဘဲ ရင်ဆိုင်ရန် အရှေ့သို့တိုးကပ်သွားရာ ကျားကြီးက လက်ထဲရှိဓားဖြင့် မာလိန်မှူး၏ လည်တိုင်ကို ရွယ်လိုက်ပြီး

"ခင်ဗျား ရှေ့မတိုးနဲ့နော်၊ ကျုပ် ခုတ်ချလိုက်မယ်၊ ဒီကောင့်ကို သတ်ချင်ရင် ဓားနဲ့ခုတ်လို့လဲရ တယ်၊ ဟောဒီခြေထောက်အောက်ကချွေးခြေကို ဆောင့်ကန်လိုက်လို့လဲရတယ်၊ ခင်ဗျားရှေ့မတိုးနဲ့ နော်၊ ရှေ့တစ်လှမ်းတိုးတာနဲ့ မာလိန်မှူးအသေပဲ"

ဟု ပြောလိုက်ရာ ဦးတာတေသည် ကျားကြီးကို ဒေါသတကြီး ကြည့်၍ အံကိုကြိတ်ကာ

"မာလိန်မှူးသေရင် မင်းကိုလဲ အသေသတ်ပစ်လို့ရတယ်ကွ"

ဟုပြောလိုက်ရာ ကျားကြီးက တဟားဟားရယ်မော၍

"ကျုပ်သေရင် ခင်ဗျားတို့ရဲ့ ပင်လယ်ခရီးအဆုံးသတ်သွားမှာပေ့ါ၊ နောက်ပြီးတော့ သူက အသက်ကို ဂရုစိုက်တတ်တဲ့လူ မဟုတ်ဘူး၊ တစ်ချိန်က ခင်ဗျားတို့ ပင်လယ်ဓားပြဖြစ်ခဲ့သလို ကျုပ်လဲ ပင်လယ်ဓားပြဖြစ်ခဲ့တာပဲ"

ဟုပြောလေ၏။ ကျွန်ုပ်သည် ကျားကြီး၏ အပြုအမူကိုသည်းမခံနိုင်တော့ဘဲ

"ဟေ့လူ ခင်ဗျား ဘာလိုချင်သလဲ၊ ဘာလုပ်ချင်သလဲ ရှင်းရှင်းပြောစမ်း"

ဟု ဝင်ရောက်ပြောဆို၏။

ကျွန်ုပ်၏ စကားကြောင့်ကျားကြီးက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

"ကောင်လေး၊ မင်းမဆိုးဘူး၊ ငါတို့ ဘာလိုချင်တယ်ဆိုတာ အမြန်ဆုံး သဘောပေါက်သားပဲ"

ဟုပြောလေ၏။ ကျားကြီးသည် တစ်စုံတစ်ရာကို တောင်းဆိုလိုဟန်ဖြင့် ငြိမ်သက်နေပြီးမှ

"ခင်ဗျားတို့ ပင်လယ်ခရီးထွက်လို့ရတယ်လို့ ကျုပ်ပြောပြီးပြီ၊ ကျုပ်စကားကို မလိုက်နာဘဲ မာလိန်မှူးရဲ့ အသက်ကို တောင်းဆိုချင်တယ်ဆိုရင် အသက်နဲ့ ရတနာမြေပုံကို လဲရလိမ့်မယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်တို့လူစုသည် ကျားကြီး၏ ယုတ်မာကောက်ကျစ်ပုံကိုရိပ်စားမိသွားပြီး ဒေါသတကြီးဖြစ်သွားလေ၏။

ဦးတာတေက လက်သီးဆုပ်၍

"ဘာ . . . ရတနာမြေပုံ လဲရမယ်ဟုတ်လား၊ မင်း တော်တော်

စိတ်ဓာတ်ယုတ်မာတဲ့ကောင်ပါ လား"

ဟုပြောလေရာ ကျားကြီးက ရယ်မော၍

"ကျုပ်က ယုတ်မာတာမဟုတ်ဘူး၊ ခင်ဗျားတို့က မာလိန်မှူးအသက်ကို လိုချင်နေတာ၊ ခင်ဗျားတို့နဲ့ အနေသာကြီးပဲ၊ ဘာလို့ သူ့အသက်ကို လိုချင်နေရတာလဲ"

ဟုပြောလေ၏။

ဦးထိပ်သီးက ဝင်ရောက်၍

"ငါတို့က တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေကွ၊ သူ့ အသက်ကို ကာကွယ်ရတဲ့ဝတ္တရား ရှိတယ်၊ ဒါဟာ လူသားတစ်ယောက်ရဲ့တာဝန်ပဲ"

ဟုပြောလေ၏။

ထိုအခါ ကျားကြီးက တဟားဟားရယ်မော၍

"ဒါဆိုရင်လဲ ခင်ဗျားတို့ရဲ့ ရတနာမြေပုံအတုကြီးနဲ့ လဲလိုက်ပေါ့ဗျာ၊ ခင်ဗျားတို့မြေပုံက အတုကြီး ပါ၊ ဒီလောက်လဲ လောဘကြီးမနေပါနဲ့"

ဟုပြောလေ၏။ ဦးထိပ်သီးသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

"ကောင်းပြီ၊ ရတနာသိုက်က ဘယ်လောက်တန်ဖိုးရှိရှိ၊ လူ့အသက်တစ်ချောင်းနဲ့မလဲနိုင်ဘူးကွ၊ မင်းတို့လိုချင်တဲ့မြေပုံ ငါပေးမယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်နှင့် ဦးတာတေသည် ဦးထိပ်သီး၏ ဆုံးဖြတ်ချက်ကို တအံ့တသြနား ထောင်ရင်း သက်ပြင်းကိုယ်စီ ချလိုက်ကြ၏။

ရတနာသိုက်နှင့် ပတ်သက်သော ကျွန်ုပ်တို့၏ စွန့်စားခန်းကြီး ရေစုန်မျောသွားချေပြီ။

ဦးထိပ်သီးသည် ကုန်းပတ်အောက်သို့ ပြန်ဆင်းသွားပြီး သေချာစွာသိမ်းဆည်းထားသော ရတနာမြေပုံကို ယူလာလေ၏ ။

ဦးထိပ်သီးက ရတနာမြေပုံကို ကျားကြီးရှိရာသို့ ကမ်းပေးလိုက်ပြီး

"ဟောဒီမှာ မင်းတို့လိုချင်တဲ့ ရတနာမြေပုံ၊ မာလိန်မှူးကို လွှတ်ပေးလိုက်ပေတော့"

ဟုဆိုလိုက်ရာ ကျားကြီးသည် ကျေနပ်အားရဟန်ဖြင့် ဦးထိပ်သီးလက်ထဲရှိ မြေပုံကို လှမ်းယူ လိုက်ပြီး တပည့်တစ်ဦးကို မျက်ရိပ်ပြလိုက်ရာ ကျားကြီး၏ တပည့်သည် မာလိန်မှူး၏ လည်တိုင်၌ ချည်နှောင်ထားသော ကြိုးစကို ဖြတ်ချလိုက်လေ၏ ။

မာလိန်မှူးစိန်အုပ်သည် ကြိုးပြေသွားသည်နှင့် ကျွန်ုပ်တို့လူစု အံ့သြနေသော အပြုအမူတစ်ခုကို ပြုမူလိုက်လေ၏ ။ မာလိန်မှူးစိန်အုပ်သည် ကျားကြီးလက်ထဲမှမြေပုံကိုယူ၍ ကျွန်ုပ်တို့လူစုကို မထီလေးစားအမူအရာဖြင့်ကြည့်လိုက်၏ ။

မာလိန်မှူးစိန်အုပ်က သဘောကျဟန်ဖြင့် ရယ်မော၍ ကျားကြီး ၏ ပခုံးကို ပုတ်၍

"ကျားကြီး . . . ငါ့တပည့် မင်းသိပ်တော်တယ်၊ နောက်ဆုံးတော့ ရတနာမြေပုံဟာ ငါတို့လက်ထဲ ကို ရောက်ရပြီပေါ့"

ဟုပြောလေရာ ကျွန်ုပ်တို့သည် မာလိန်မှူးစိန်အုပ်၏ ကောက်ကျစ်သောအကြံကို ရိပ်စားမိလိုက် လေ၏ ။

သို့သော် ကျွန်ုပ်တို့များစွာနောက်ကျသွားချေပြီ။ ဦးထိပ်သီးက ခေါင်းခါယမ်း၍

"စိန်အုပ်၊ မင်းက ကျားကြီးထက်တောင် ပိုကောက်ကျစ်ပါလား၊

မင်းအသက်အတွက် ငါတို့ရဲ့ ရတနာမြေပုံနဲ့ လဲလိုက်တာကွ"

ဟုပြောလေ၏။

မာလိန်မှူးစိန်အုပ်က သဘောကျဟန်ဖြင့် တဟားဟားရယ်မော၍

"ဟားဟားဟား . . . ခင်ဗျားတို့ဟာ ကျုပ်ရဲ့ပရိယာယ်မာယာနဲ့ လှည့်ဖြားမှုကို တစ်ချိန်လုံးခံနေ ရတာ ပဲ၊ တကယ်တော့ ကျုပ်တပည့်ကျားကြီးတို့လူစုဟာ ကျုပ်နဲ့မတည့်ဘူးဆိုတာ လုံးဝမဟုတ်ဘူးဗျ၊ ကျားကြီးတို့လူစုဟာ ကျုပ်အပေါ်မှာ အမြဲတမ်းသစ္စာရှိခဲ့တယ်"

ဟုပြောလေရာ ဦးတာတေက ဒေါသတကြီးဖြင့်

"သြော် . . . မင်းတို့က ငါတို့ရှေ့မှာ ရန်သူတွေလို အမြဲဟန်ဆောင်ခဲ့တာပေ့ါ"

ဟုပြောလေ၏။ မာလိန်မှူးစိန်အုပ်က

"ရန်သူတွေလို ဟန်ဆောင်ခဲ့ရုံမကဘူး၊ ကျုပ်တို့ရဲ့ လုပ်ကြံသတင်းတွေကိုလဲ ခင်ဗျားတို့ဆီကို ပရိယာယ်နဲ့ ပို့ပေးခဲ့တယ်"

ဟုပြောလေရာ ကျားကြီးတို့၏ စကားများကို ချောင်းမြောင်းနားထောင်မိသော ကျွန်ုပ်သည် ရင်ထဲတွင် မခံချိမခံသာ ဖြစ်သွားလေ၏။

၄င်းတို့လူစု၏ လှည့်ကွက်ကို ကျွန်ုပ်တို့လူစု မရှုမလှ ခံလိုက်ရချေပြီ။

ဦးထိပ်သီးသည် မာလိန်မှူးစိန်အုပ်တို့လူစုကို လက်ပိုက်ကြည့်မနေတော့ဘဲ ဆုံးမရန် ဆုံးဖြတ် လိုက်၏။

ထို့ကြောင့် ရှေ့သို့ခြေတစ်လှမ်းတက်လိုက်ရာ ကျားကြီးက လက်ကာပြ၍

"မလှုပ်နဲ့ ဦးထိပ်သီး၊ ခင်ဗျားတို့လူစုကို ကျုပ်လူတွေ သေနတ်နဲ့ချိန်ထားတယ်"

ဟု ပြောလေ၏။ သေနတ်ကိုင်ထားသော လူသုံးဦး ရုတ်တရက် ပေါ်လာပြီး ကျွန်ုပ်တို့လူစုကို ချိန်ထားလိုက်၏။

ကျွန်ုပ်တို့သည် ဓားပြများ လက်ဦးသွားသဖြင့် ၎င်းတို့ကို ပြန်လည်တိုက်ခိုက်ရန် မဖြစ်နိုင်တော့ ချေ။

မာလိန်မှူးစိန်အုပ်က ဦးထိပ်သီးတို့ကိုကြည့်၍

"ခင်ဗျားက ကျုပ်ရဲ့အသက်ကို ကယ်တင်ဖို့ကြိုးစားတဲ့အတွက် ခင်ဗျားတို့အသက်ကို ပြန်ပြီး ချမ်းသာပေးမယ်၊ ဒါပေမယ့် ခင်ဗျားတို့အားလုံး သင်္ဘောနဲ့လိုက်ခွင့်မရှိတော့ဘူး၊ ဟားဟားဟား . . . ကျုပ်တို့ မတရားမလုပ်ပါဘူးဗျာ၊ ခင်ဗျားတို့အတွက် ရိက္ခာလုံလုံ လောက်လောက် ထည့်ပေးလိုက်ပါ မယ်၊ သေမြေကြီး ရှင်ရွှေထီးပေါ့ဗျာ၊ ခင်ဗျားတို့ အများကြီးကံကောင်းနိုင်ပါသေးတယ်"

ဟုပြောလေတော့၏။

မာလိန်မှူးစိန်အုပ်၏ ကောက်ကျစ်ယုတ်မာသော အကြံအစည်ကို ကျွန်ုပ် ရိပ်စားမိသွား၏။

ကျွန်ုပ်တို့၏ သင်္ဘောကို အပိုင်စီးကာ ကျွန်ုပ်တို့အား ပင်လယ်ထဲသို့ သမ္ဗန်နှင့်မျောရန် ကြံစည်နေပေပြီ။

မာလိန်မှူးစိန်အုပ်က သင်္ဘော၌ ချည်လျက်ပါလာသော သမ္ဗန်ကို အောက်သို့ချရန် သင်္ဘောသားများအား စေခိုင်းလိုက်၏။

သမ္ဗန်ရေပြင်သို့ ရောက်သောအခါ မာလိန်မှူးစိန်အုပ်က ရယ်မောပြီး

"ဟားဟားဟား . . . ရတနာမြေပုံအတွက် ဒီလောက်လဲ နှမြောတသ

ဖြစ်မနေပါနဲ့ဗျာ၊ တကယ် တော့ ကျုပ်ဟာ ပင်လယ်ဓားပြကြီး မိုးကြိုးရဲ့တပည့်အောက်ငယ်သားတစ်ယောက်ပဲ၊ ပင်လယ်ဓားပြ ကြီးမိုးကြိုး ရတနာတွေမြှုပ်နှံတုန်းက ကျုပ်တို့လဲ သင်္ဘောပေါ်မှာ လိုက်ပါလာတယ်၊ ခင်ဗျားတို့ရတနာ မြေပုံကို ရလာတဲ့ မျက်စိတစ်ဖက်လပ် ဘိုးထိန်ကြီးဟာလဲ မိုးကြိုးရဲ့တပည့်ပဲဗျ၊ ပင်လယ်ဓားပြကြီး မိုးကြိုးဟာ ရတနာတွေမြှုပ်နှံဖို့ ကျွန်းပေါ်ကို သင်္ဘောသား ငါးယောက်ပဲခေါ်သွားခဲ့တယ်၊ ကျုပ်တို့က တော့ ကျွန်းပေါ်ကို လိုက်ခွင့်မရလို့ သင်္ဘောပေါ်မှာပဲ နေရစ်ခဲ့ရတယ်၊ နောက်ပိုင်း မိုးကြိုးမရှိတော့တဲ့ နောက်ပိုင်းမှာ ရတနာမြေပုံကို ရသင့်တဲ့သူက ကျုပ်တို့ပဲလေ၊ ကျုပ်တို့လို တပည့်ရင်းချာထက် ဘယ်သူကပိုပြီးအရေးပါမှာလဲ၊ တကယ်တော့ ဒီမြေပုံဟာ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ ကျုပ်ကတော့ မြေပုံကို ဥစ္စာရှင်းမှန်လို့ ပြန်ရတယ်လို့ပဲ သဘောထားပါတယ်၊ ကဲ . . . ကိုယ့်လူတို့ သမ္ဗန်ထဲကိုဆင်းပြီး ပင်လယ်ပြင်မှာ ကယ်တင်မဲ့လူကို မျှော်ပေတော့ . . . "

ဟုဆိုကာ ကျွန်ုပ်တို့လူစုအား တစ်ယောက်တစ်လှည့်စီ သမ္ဗန်ရှိရာသို့ ဆင်းခိုင်းလေ၏ ။

ကျွန်ုပ်တို့လူစုအား လက်နက်များဖြင့်ချိန်ရွယ်ထားသဖြင့် ပြန်လည်ခုခံရန်လည်း မတတ်နိုင်ချေ။

ထို့နောက် ရတနာသိုက်မှဆိုးသုံးယောက်သည် သင်္ဘောသားများကို ပြန်လည် မခုခံနိုင်တော့ဘဲ ရေထဲရှိသမ္ဗန်သို့ ဆင်းရလေ၏ ။

ကျွန်ုပ်တို့လူစု သမ္ဗန်ထဲသို့ ရောက်သောအခါ မာလိန်မှူးစန်အုပ်က ကြိုးများ၊ ရွက်ဖင်စများ၊ ခတ်တက် စသည်တို့ကို ချပေးလေ၏ ။

ထို့အပြင် သမ္ဗန်ပေါ်၌ စားသောက်ရန် ရေတစ်စည်၊ ပေါင်မုန့်ခြောက်များနှင့် ရမ်အရက်သေတ္တာ တစ်လုံးကို ပေးလေ၏ ။

ထိုစဉ် သင်္ဘောသားတစ်ယောက်က သမ္ဗန်ထဲသို့

ဝက်ပေါင်ခြောက်များကိုလည်း ချပေးလေ၏။

မာလိန်မှူးစိန်အုပ်သည် သင်္ဘောကို အပိုင်စီးပြီး ကျွန်ုပ်တို့သုံးယောက်အား သမ္ဗန်ပေါ်တွင် တင်၍ မျောရန် ကြံစည်ခြင်းဖြစ်၏။

မာလိန်မှူးစိန်အုပ်သည် သင်္ဘောပေါ်မှနေ၍ ကျွန်ုပ်တို့သုံးယောက်ကို မထီလေးစားအမူအရာ ဖြင့် အလေးပြုလိုက်ပြီး

"ဂိုးတူဟဲလ် (ငရဲသွားပေတော့)"

ဟုအော်ဟစ်လိုက်လေရာ ကျွန်ုပ်တို့သုံးယောက်စလုံး မခံချိမခံသာဖြစ်ရလေ၏။

ဦးတာတီးက သင်္ဘောကိုလှမ်းမျှော်ကြည့်၍ တက်ခေါက်ကာ

"သွားပြီ၊ ရတနာမြေပုံရော သင်္ဘောပါ ပါသွားပြီ၊ ဒီတစ်ခါ ငါတို့ခံလိုက်ရပြီ၊ ပင်လယ်ဓားပြဘဝ က ဆိုးသွမ်းခဲ့တာ ဝဋ်လည်တာပဲ"

ဟုပြောလေရာ ကျွန်ုပ်ကလည်း အံကိုကြိတ်၍

"ကျေးဇူးတရားကို မသိတတ်တဲ့လူကြီး ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး သေလိမ့်မယ်"

ဦးထိပ်သီးက သက်ပြင်းချ၍

"ငါတို့ လှလှပပပြီး အလှည့်စားခံလိုက်ရတာ ကွ၊ ဒီကောင်တွေဟာ တကျိတ်တည်း တကြံတည်း တွေကွ၊ မာလိန်မှူးစိန်အုပ်ဟာ သင်္ဘောသားတွေနဲ့ မတည့်ချင်ဟန်ဆောင်ထားပြီး ငါတို့ကို လှည့်စားခဲ့တာပဲ၊ ဒါပေမယ့် ဒီကောင်တွေကို ငါတို့ပြန်ပြီးလှည့်စားလိုက်နိုင်ပါတယ်ကွာ"

ဟုပြောလေရာ ဦးတာတေက မျက်မှောင်ကြုတ်၍

"ဘာတွေလှည့်စားလိုက်နိုင်တာလဲ၊ ငါတို့မှာ ဘာကျန်သေးလို့လဲ"

ဟုပြောလေရာ ဦးထိပ်သီးက အကျ.......ရင်ဘတ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်၍ ပြလိုက်ရာ မာလိန်မှူးစိန်အုပ်ထံသို့ ရောက်ရှိသွားသော ရတနာသိုက်မြေပုံနှင့် တစ်ထေရာတည်းတူသော မြေပုံ တစ်ခုကိုတွေ့လိုက်ရလေ၏ ။

ဦးထိပ်သီးက

"လိုလိုမယ်မယ်အနေနဲ့ မြေပုံကို အတုတစ်ခု အစစ်တစ်ခု လုပ်ထားတာကွ၊ စိန်အုပ်လက်ထဲကို ရောက်သွားတဲ့ မြေပုံကြီးက အတုကြီးပဲ"

ဟု ပြောလိုက်ရာ ဦးတာတေသည် ဝမ်းသာအားရ ရယ်မောလိုက်ပြီး

"ဟား . . . ဟား . . . ဟား ဒါဆိုရင် ငါတို့အတွက် ရတနာသိုက်ကိုပိုင်ဆိုင်ဖို့ အခွင့်အရေးရှိသေး တယ်ပေါ့"

ဟု ပြောလေ၏ ။ ကျွန်ုပ်သည် အရာရာကို ကြိုတင်၍ အကွက်မြင်စွာ ကြည့်ရှုတတ်သော ဦးထိပ်သီးကို ချီးမွမ်းမိလေ၏ ။ ဦးထိပ်သီးကရတနာသိုက်မြေပုံကို သေချာစွာကြည့်ပြီးနောက်

"ရတနာသိုက်ရှိတဲ့ ကျွန်းကို ငါရိပ်မိတာ အတော်ကြာပြီကွ၊ ဒါပေမဲ့ သင်္ဘောပေါ်မှာ မာလိန်မှူး စိန်အုပ်နဲ့ သင်္ဘောသားတွေရဲ့ အရေးအခင်းက ရှိနေလို့ ရတနာကျွန်းကို မတွေ့သေးသလိုနဲ့ မြေပုံအတုကြီး ထုတ်ပြီး ဆက်ရှာနေတယ်"

ဟု ပြောလေရာ ဦးတာတေက ပြန်လှည့်ကြည့်၍

"သြော် . . . ဒါကြောင့် ငါတို့ကျွန်းတွေလှည့်ရှာပြီး အချိန်ကုန်လူ ပင်ပန်းဖြစ်နေတာကိုး၊ ဘာပဲ ဖြစ်ဖြစ် ခင်ဗျားကျုပ်ကိုတော့ ပြောသင့်တယ်"

ဟု ပြောလေ၏ ။ ဦးထိပ်သီးက သက်ပြင်းချ၍

"ကျုပ်တို့ဘက်က ပိပိရိရိဖြစ်အောင် ဖွင့်မပြောခဲ့တာပါ၊ ဒီလူတွေ မြေပုံအတုကြီးကိုင်ပြီးတော့ ပင်လယ်ပြင်မှာ အချိန်တွေကုန်မှာ

မြင်ယောင်သေးတယ်"

ဟု ပြောလေရာ ကျွန်ုပ်က ဝင်ရောက်၍

"ဦးလေးသိထားတဲ့ ရတနာကျွန်းက ကျုပ်တို့ အခုရောက်နေတဲ့ နေရာနဲ့ နီးသလား"

ဟု မေးမြန်းလေ၏။ ဦးထိပ်သီးက ခေါင်းညိတ်၍

"ငါ့အထင် အတော်နီးမယ်ထင်တယ်၊ အနောက်ဘက်စူးစူးအတိုင်း လှော်ခတ်သွားရင် ရောက်နိုင်တယ်၊ ဒါပေမယ့် ငါတို့ အတော် ပင်ပန်းခံနိုင်မှဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ယောကျာ်းတို့ လုံ့လ သေကာမှ လျှော့တာပေါ့ကွာ"

ဟု ပြောလေ၏။ ထို့နောက် ဦးတာတေက သင်္ဘောပေါ်၌ ပါရှိသော စားနပ်ရိက္ခာများကို စစ်ဆေး ကြည့်သောအခါ ပေါင်မုန့်ခြောက်သုံးပိဿာ၊ ဝက်သား ခြောက်ပိဿာခန့်နှင့် ဆယ်ဂါလန်ဆန့်သော ရေစည်တစ်လုံး၊ အရက်သေတ္တာနှင့် ကြိုးခွေ၊ ဓါတ်မီး၊ ဓား စသောအသုံးအဆောင်ပစ္စည်းများကို တွေ့ရှိ ရ၏။

ထို့ပြင် ဆေးသေတ္တာတစ်လုံးနှင့် ရွက်တပ်ဆင်ရန် ကိရိယာတန်ဆာများကိုလည်း တွေ့ရသေး၏။

ကျွန်ုပ်တို့သည် လှော်တက် သုံးချောင်းကိုကိုင်၍ သုံးဦးစလုံးလှော်ခတ်သွားလေ၏။ ဦးထိပ်သီး က လှေဦးမှကိုင်၍ ရေလမ်းကြောင်းပြပေးလေ၏။ ကျွန်ုပ်တို့သည် နောက်တစ်နေ့၌ ပင်ပန်းလှသဖြင့် ကျွန်းတစ်ကျွန်း၌ ကပ်ပြီး အနားယူရန် ကြံစည်၏။ သို့သော် ကျွန်းသို့ ရောက်သောအချိန်၌ ညအမှောင် ကြီးစိုးနေပြီး ကမ်းအနီးကျောက်ဆောင်ကြီးများတွေ့ရသဖြင့် နံနက်သို့ရောက်အောင် စောင့်ရလေ၏။

ဦးထိပ်သီးက အမှောင်ထဲ၌ ထီးထီးကြီးရှိနေသော ကျွန်းကိုကြည့်၍

"ကျွန်းနဲ့မနီး ကျွန်းနဲ့မဝေးလွန်းတဲ့နေရာမှာ ခတ်တက်တွေနဲ့ လှော်ပြီးနံနက်ရောက်အောင် စောင့်ရမှာဘဲ၊ သတိထားနော် ကျွန်းနဲ့သိပ်နဲ့နီးသွားရင် ကျောက်ဆောင်နဲ့တိုက်ပြီး လှေကွဲထွက်သွား မယ်၊ ကျွန်းနဲ့ဝေးပြန်ရင်လည်း လှေက ရေလှိုင်းနဲ့မျောပြီး ငါတို့ မျက်စိရှေ့က ကျွန်းပျောက်သွားမယ်"

ဟု ပြောလေ၏။ ဦးထိပ်သီး၏ စကားကြောင့် ကျွန်ုပ်တို့သည် မအိပ်ဝံ့ဘဲ ကျွန်းအနီး၌ ခတ်တက် ကိုလှော်ခတ်နေရလေ၏။

ကျွန်ုပ်တို့သည် နံနက်မိုးသောက် အလင်းရောက်သောအခါ ကျွန်းအနီးသို့ သမ္ဗန်ကို ကပ်လေ၏။ ဦးထိပ်သီးက သမ္ဗန်ပေါ်ရှိ ရိက္ခာများကုန်မှာစိုးရိမ်သဖြင့် ကျွန်းပေါ်၌ ရသမျှ စားစရာကို ရှာကြမည်ဆို၏။ ကျွန်းပေါ်သို့ လူသူအရောက်အပေါက်ရှိပုံမရဘဲ ကျွန်းတစ်နေရာ၌ ငှက်ပျောပင်များကို တွေ့ရ၍ ဝမ်းသာအားရ ခုတ်ယူခဲ့၏။ တောင်ကုန်းတစ်ခုပေါ်၌ မာလကာပင်များကို တွေ့ရသဖြင့် ကျွန်ုပ် က အားပါးတရ အော်ဟစ်လိုက်လေ၏။

ထို့နောက်မာလကာသီးအရိုင်းများကို ခူးဆွတ်၍ လှေထဲ၌ ရသမျှ တင်ယူလာခဲ့၏။ ကျွန်းပေါ်၌ စိမ့်စမ်းရေစီးဆင်းနေသော ချောင်းကလေးကို တွေ့ရသဖြင့် အားလုံးရေမိုးချိုးကြပြီး ရေကို တစ်ဝကြီး သောက်ရလေ၏။ ကျွန်ုပ်တို့၌ သောက်ရေအခက်အခဲရှိသော်လည်း ရေထည့်စရာ ပုံးခွက်မရှိသဖြင့် စမ်းရေကို အဝသောက်ပြီး ကျေနပ်ခဲ့ရ၏။

ဦးထိပ်သီးက ကျွန်း၏ အမြင့်ဆုံးကျောက်ဆောင်ပေါ်သို့တက်၍ ကြည့်ရှုပြီးပြန်ဆင်းလာကာ

"ဒီအနီးအနားတစ်ဝိုက်မှာ ကျွန်းသိပ်ကျွန်းငယ်လေးတွေပဲရှိတယ်၊ ပင်လယ်ကူးသင်္ဘောတွေ ဖြတ်သန်းတဲ့ ရေကြောင်းလမ်းကို ရောက်အောင် ငါတို့ သမ္ဗန်ကို ရက်တော်တော်များများ သွားရလိမ့် မယ်၊ ဒီကြားထဲမှာ မုန်တိုင်းနဲ့တွေ့ရင် ငါတို့သမ္ဗန်လေး ခံနိုင်မှာ မဟုတ်ဘူး"

ဟု စိတ်ပျက်ဖွယ်ရာ သတင်းကို ပြောပြလေ၏။ ကျွန်ုပ်တို့သည် ထိုသတင်းကြောင့် အတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ကျွန်ုပ်တို့ ယူဆောင်လာသော ရိက္ခာများသည် အားပါးတရစားလိုက်ပါ က ရက်အနည်းငယ်အတွင်း ကုန်ခမ်းသွားနိုင်၏။ ကျွန်ုပ်တို့သည် ကျွန်းမှ အုန်းသီး၊ ငှက်ပျောသီး၊ မာလကာသီးများကို ရသလောက်တင်၍ ပင်လယ်ခရီးထွက်ခဲ့၏။ ကျွန်ုပ်တို့သည် ရည်မှန်းချက်နှစ်ခု ထားပြီး ခရီးဆက်ခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့ ပင်လယ်ပြင်၌ လှည့်လည်ရင်း ရတနာသိုက်ရှိသော ကျွန်းကို ရှာတွေ့ပါက ကျွန်းပေါ်သို့တက်ပြီး ရတနာများရှာဖွေကြမည်ဖြစ်၏။

ထိုသို့ မဖြစ်ဘဲ ပင်လယ်ပြင်၌ ကျွန်ုပ်တို့ လူစုကို ကယ်တင်မည့် သင်္ဘောနှင့် လိုက်ပါပြီး ပင်လယ်ဓားပြ ရတနာသိုက်ကို ဒုတိယအကြိမ် ပြန်ရှာရန်ဖြစ်၏။

ကျွန်ုပ်သည် သုံးယောက်ထဲတွင် အသက်အငယ်ဆုံး ဖြစ်သဖြင့် ကမ်းမမြင်လမ်းမမြင် ပင်လယ် ပြင်ကြီးကို ကြည့်ကာ တစ်ခါတစ်ရံ၌ စိတ်အားငယ်မိလေ၏။ မြို့ပေါ်၌ အေးအေးဆေးဆေးနေ၍ ပင်လယ်ဓားပြရတနာသိုက်ကို မရှာဖွေခဲ့မိလျှင်ကောင်းမည်ဟု တွေးမိလေ၏။

တစ်ခါတစ်ရံ မြို့၌ ကျန်ရစ်ခဲ့သော မိခင်ကို သတိရနေမိ၏။

မိခင်တစ်ယောက် မိမိ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ပူပန်နေမည်ထင်၏။

ကျွန်ုပ်၏ ပူပန်သောကဖြစ်သောအမူအရာကိုကြည့်၍ မိတ်ဆွေများဖြစ်သော ဦးထိပ်သီးနှင့် ဦးတာတေသည် စိတ်ဓာတ်မကျစေရန် အားပေးစကားပြောတတ်၏။

ဦးတာတေက ကျွန်ုပ်၏ ပခုံးကို ဖက်၍

"ဘယ်တော့မှ မကြောက်နဲ့ကောင်လေး၊ ကြောက်တတ်တဲ့သူဟာ

အခါခါသေရတယ်၊ သတ္တိရှိ တဲ့သူကတော့ တစ်သက်မှာ တစ်ခါပဲ သေရတယ်ကွ၊ မင်းအဖေဟာ အင်မတန်ရဲဝံ့တဲ့ ပင်လယ်ဓားပြ ကြီးပါကွာ၊ သူဟာ ပင်လယ်ပြင်မှာ ဘယ်တော့မှ နောက်မတွန့်ဘူး၊ မင်းမှာ အဖေ့သွေးတွေ အများကြီး ပါတယ်"

ဟု အားပေးစကားပြောလေရာ ကျွန်ုပ်၏ စိတ်ဓာတ်များ ပြန်လည်တက်ကြွလာ၏။

××××××××××